


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပြုံးနေတော့လောဘမီး
# မဲ့နေတော့ဒေါသမီး

၁၆၃

ကိစ္စဉာဏ်

ဟောကြားသည့်နေ့
(၄-၁-၅၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပြုံးနေတော့ လောဘမီး
# မဲ့နေတော့ ဒေါသမီး

(ကိစ္စညာဏ်)

ဟောကြားသည့်နေ့
(၄-၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၇/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃/၂၀၀၂ (၂)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - (၅၀/-)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ပြုံးနေတော့ လောဘမီး
# မဲ့နေတော့ ဒေါသမီး
## (ကိစ္စဉာဏ်)

ဟောကြားသည့်နေ့ (၄-၁-၅၉)

ရုပ် နာမ်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နာတဲ့ အခိုက်အတန့်မှာ ဒုက္ခသစ္စာလို့ မှတ်ပါနော်။ နာတဲ့အခိုက်အတန့်မှာ ပေါ်နေတဲ့စိတ်၊ သူက ဖြစ်ဖော်ဖြစ်ဖက်ဖြစ်တဲ့ ရုပ်တွေ၊ နာတဲ့ အခိုက်အတန့်မှာ ခု ခဏမှာနေတဲ့ နာမ်ရုပ်ကိုဆိုတယ်လို့ အောက်မေ့ပါ။

သူ့ဟာသူ ဒုက္ခသစ္စာဖြစ်နေတာကို ကိုယ့်ဉာဏ်ထဲ မတည့်လို့ရှိရင်၊ ဒါ ကိုယ့်ဒုက္ခသစ္စာလို့ မဆိုနဲ့။ ယခု တရားနာနေတဲ့ အခိုက်အတန့်မှာ နာနေတဲ့စိတ်တွေကော မရှိကြဘူးလား . . . (ရှိပါတယ်ဘုရား)။

ဩော် . . . နာနေတဲ့ စိတ်တွေ ရှိတယ်။ ကောင်း မကောင်း ဝေဖန်တာတွေရှိတယ်။ တရားနဲ့ တွေ့ထိတာတွေ ရှိတယ်။ တရား အပေါ်၌ ယုံကြည်တဲ့သဒ္ဓါတွေရှိတယ်။

## တရားနာတဲ့အချိန်မှာ

တရား ကြည်ညိုတဲ့ကုသိုလ် ဇော ခုနစ်ကြိမ်တွေရှိတယ်။ ခုနက ဘဝင်စိတ်တွေရှိတယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးဟာ ဒုက္ခသစ္စာချည့်ပဲလို့ မှတ်ပါ. . . (မှန်ပါ့)၊ တရားနာနေတဲ့အခိုက်အတန့် ပေါ်လာတဲ့စိတ်ရော ရုပ်ရော ဘာဆိုကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာလို့ မှတ်၊ ဒုက္ခသစ္စာကို အရှာခက်တယ်လို့ ဦးခင်မောင်တို့က အယူမရှိနဲ့နော်. . . (မှန်ပါ့)၊ ပေါ်လာတာကို ခုပေါ်လာတာကိုသိလို့ရှိရင် ဒုက္ခသစ္စာပေါ်တာပဲ။

အခုပျက်သွားတာကို သိလို့ရှိရင်တော့ ဒုက္ခသစ္စာပျက်တာပဲ။ နောက်ကပေါ်လာတာလည်း ဘာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)၊ နောက်ထပ်ပျက်သွားတာလည်း. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဒကာ ဒကာမတွေ သန္တာန်မှာ ပေါ်သ၍ ပျက်သ၍ဟာဖြင့် ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ။

## ဒါ သစ္စာဉာဏ်

ဆုံးဖြတ်ချက်ချထားတော့ကိုး၊ အဲဒီကဲ့သို့ ကိုယ့်သန္တာန် ပေါ်လိုက် ပျက်လိုက်၊ ပေါ်လိုက် ပျက်လိုက်၊ ပေါ်လိုက် ပျက်လိုက်နေတာတွေဟူသ၍ ဒုက္ခသစ္စာလို့ မှတ်ထားရင် ဒါ သစ္စာဉာဏ်ရသွားတယ်. . . (မှန်ပါ)။

အဲ့ဒါ သစ္စဉာဏ်ကတော့ ဟောပြီးသားဖြစ်နေတဲ့ အတွက် မနေ့ကပြောခဲ့တဲ့ ကိစ္စဉာဏ် မနေ့က တစ်ဝက်ဟောခဲ့တယ်. . . (မှတ်ပါ)။

## ကိစ္စဉာဏ်ဆိုတာ

ကိစ္စဉာဏ်ဆိုတဲ့ဥစ္စာ မှတ်ထား၊ ဒကာ ဒကာမတွေ သန္တာန်၌ ပေါ်လာတဲ့ ရုပ်နာမ်ဟူသ၍သည် နှိပ်စက်တတ်တဲ့၊ နှိပ်စက်ခြင်းခံရတဲ့ကိစ္စရှိတယ်။

ဒကာ ဒကာမတွေ သန္တာန်၌ ပေါ်လာတဲ့ ရုပ်နာမ်တွေကို နှိပ်စက်ခြင်းကိစ္စနဲ့ ကြုံရရှာကြတယ်. . . (ကြုံရပါတယ်ဘုရား)။

ဒကာ ဒကာမတွေသန္တာန်၌ ပေါ်လာတဲ့ ရုပ်နာမ် ဘာနဲ့ ကြုံရတုံး. . . (နှိပ်စက်ခြင်းကိစ္စနဲ့ ကြုံရပါတယ်ဘုရား)၊ နှိပ်စက် ခြင်းကိစ္စနဲ့ကြုံရတယ်လို့ဆိုတာ မှတ်ထားကြပါ။

ကဲ- ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်မှာ ခု တရားနာ နေ တဲ့စိတ်တွေ၊ တရားသိတဲ့ ဉပမာ မနေ့ကပြောခဲ့တဲ့ **သောတဠ ပဋိစ္စ သဒ္ဒေစ ဉပ္ပဇ္ဇတိ သောတဝိညာဏံ** ဆိုတဲ့ ကြားစိတ်ကလေး တစ်ခု မပေါ်ဘူးလား. . . (ပေါ်ပါတယ် ဘုရား)။

## တဏှာလိုက်တာရှိတယ်

**တိဏ္ဏံသင်္ဂတိ ဖဿော** ဆိုတော့ ဖဿကော. . . (ပေါ်ပါ တယ်ဘုရား)။ ဖဿ ပစ္စယာ. . . (ဝေဒနာပါဘုရား)၊ ဝေဒနာ ပေါ်လာတယ်။

ဝေဒနာပေါ်လာပြီးသကာလ၊ ဝေဒနာနောက်ကနေပြီး သကာလ တဏှာလိုက်တာလည်းရှိတယ်။ တဏှာက မလိုက် တာလည်း ရှိတယ်နော် . . . (မှန်ပါ)။

ဝေဒနာနောက်ကနေပြီးသကာလ တရားကို သိနေတဲ့ ပညာကော မလိုက်ပေဘူးလား. . . (လိုက်ပါတယ်ဘုရား)။

## ပညာလိုက်တာရှိတယ်

အေး - ဒီလိုလဲလိုက်ပြီးသကာလနေတော့၊ ပညာလိုက်ပြီးသကာလ နေပါတယ်ဆိုတာ မှတ်လိုက်တယ်၊ ပညာလိုက်ပြီး ဒီဥစ္စာ ပဋိစ္စသမုပ္ပါဒ် ပြတ်ရတော့မလားလို့ မေးတဲ့အခါကျတော့ ကိုးတဲ့၊ ပညာလိုက်ပြီး သညာကသိ ဆုံးဖြတ်ချက်ချပြီးသကာလ ခံမိတို့၏ ရိုးရာ အိပ်နေတဲ့စိတ်မျိုး ဘဝင်စိတ်တွေ ပဋိစ္စသမုပ္ပါဒ် နောက်ကလိုက်တယ်၊ သဘောကျပလား . . . (မှန်ပါ့)။

## ဘဝင်စိတ်ကဆက်လိုက်တယ်

ဘဝင်စိတ်တွေ ပဋိစ္စသမုပ္ပါဒ်နောက်ကလိုက်လာတယ်လို့ ဆုံးဖြတ်ချက်ချတော့ တစ်ရယ်၊ နှစ်ရယ်၊ သုံးရယ်၊ လေးရယ်ထားပါတော့၊ ဒကာ ဒကာမတွေ သန္တာန်မှာ အခုခဏပေါ်လာတဲ့စိတ်ဆိုလို့ရှိရင်ဖြင့် သဘောကျပလား . . . (သဘောကျပါတယ်ဘုရား)။

ဒါဘာတုံးလို့မေးလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်လို့ဆိုရမှာပဲ၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲတော့ ပဋိစ္စသမုပ္ပါဒ် တရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတ္တဝါတို့သန္တာန် ဘာစိတ်ပဲပေါ်ပေါ် ဒုက္ခက္ခန္ဓသလို့ ဟောထားတယ်ဆိုတော့ ဒီဘက်မှာ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿလို့ မလာဘူးလား. . . လာပါတယ်ဘုရား)။

## ဘာစိတ်ပေါ်ပေါ် ဒုက္ခသစ္စာလို့မှတ်ပါ

ဒါဖြင့် ဒီရှေ့က ပေါ်လာတာသည် ဘာလို့ဆုံးဖြတ်ချက်ချမလဲ (ဒုက္ခအစုကြီးပါဘုရား)၊ ဒုက္ခလို့ ဆုံးဖြတ်ချက်ချကြပါ ဒကာ ဒကာမတို့ ကိုယ့်သန္တာန်ပေါ်တဲ့ နာမ်ပေါ်ပေါ်၊ ရုပ်ပေါ်ပေါ် ခုတရားနာတဲ့စိတ်အစဉ်ပဲပေါ်ပေါ်၊ ဘာလို့ဆုံးဖြတ်ချက်ချမလဲ . . . (ဒုက္ခပါဘုရား)၊ ဒုက္ခလို့၊ ဆုံးဖြတ်ချက်ချပါ။

ဒီ ဒုက္ခကို ဒုက္ခသစ္စာလို့တော့ သိသွားပါပြီ၊ ဖြစ်ပြီးပျက်လို့ ဖြစ်ပြီးပျက်လို့ ဖြစ်ပြီးပျက်လို့ ဒုက္ခသစ္စာလို့တော့သိသွားပါပြီ။

## ကိစ္စဉာဏ်ထည့်ပေးပါ

သူတို့ကိစ္စ ဘာကိစ္စရှိသေးတုံးဆိုတော့ ကိစ္စဉာဏ်က ကိုယ့်သန္တာန်ပေါ်ဖို့ရာ အရေးရှိသေးတယ်၊ ကိစ္စဉာဏ်မပေါ်ရင် သောတာပန် မတည်နိုင်ဘူး . . . (မှန်ပါ့)။

သစ္စာဉာဏ်နဲ့ သောတာပန် မတည်နိုင်ဘူး၊ ကိစ္စဉာဏ် ထည့်ပေးပါလို့ ဆရာဘုန်းကြီးက သတိပေးတယ်၊ ဒကာ ဒကာမတွေ ရှုတဲ့အချိန်မှာနော်၊ ဘာဉာဏ်ထည့်ပေးရမတုံး. . . (ကိစ္စဉာဏ်ထည့်ပေးရမှာပါဘုရား)။

## ပူပန်ခြင်းကိစ္စရှိတယ်

ကိစ္စဉာဏ်ထည့်ပေးရမယ်လို့ မှတ်ထားကြပါ။

ကိစ္စဉာဏ် ဆိုတာ ဘာတုံးလို့ ဆိုလို့ရှိရင် **သန္တာပဋ္ဌလက္ခဏာ** ဒုက္ခသစ္စာ၊ **သန္တာပဋ္ဌ** = ပူပန်စေခြင်းကိစ္စရှိတယ်။

အင်း ဒီတရားတွေဟာ ဒကာ ဒကာတို့ ခုပေါ်နေတဲ့ တရားတွေဟာ ဒီဘက်က တရားနာတဲ့စိတ်၊ တရားကိုကြားတဲ့ စိတ်၊ ဒါက တရားနဲ့ တွေ့တာ၊ ဒါက တရားအရသာခံစားတာ၊ ဒါကတရားကိုသိတာ၊ ဇော (၇) ကြိမ်က တရားကိုသိတာ။

ပြီးတော့မှ ဘဝင်စိတ်တွေဖြစ်တာ၊ ဒါ ပဋိစ္စသမုပ္ပါဒ်ဆို တာ သဘောကျပလား . . . (တင်ပါ့)၊ ဝီထိဆိုရင်လည်း ဟုတ်တာပဲ၊ ပဋိစ္စသမုပ္ပါဒ် ဆိုရင်ကော . . . (ဟုတ်ပါတယ် ဘုရား)။

## နှိပ်စက်ခံခြင်းကိစ္စ

ဟုတ်ပါတယ်လို့ ဆုံးဖြတ်ချက်ချထားတော့၊ ဩော်-ဒါ ဖြင့် ဒီစိတ်တွေဟာ အပူလောင်ခံခြင်း၊ နှိပ်စက်ခံခြင်း ကိစ္စရှိတယ် လို့ မှတ်ထားပါ . . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ခု ဘခြားကနေပြီးသကာလ၊ ဒါကို နှလုံးသွင်းပြီးသကာလ မနေတဲ့အချိန်ဆိုလို့ရှိရင်ဖြင့်၊ နှလုံးမသွင်း တဲ့ အချိန်ကျလို့ရှိရင်ဖြင့် **အယောနိသော မနသိကာရ၊ နှလုံး သွင်းတဲ့အချိန် ယောနိသော မနသိကာရ၊**

နှလုံးမသွင်းတဲ့အချိန်ကျတော့ အယောနိသော မနသိကာရဆိုတာ မရှိဘူးလား . . . (ရှိပါတယ်)။ အဲဒီ အယောနိသော မနသိကာရ လာလိုက်လို့ရှိရင် ဒီစိတ်တွေ ပျောက် မပျောက်စဉ်းစားကြည့် (ပျောက်ပါတယ်ဘုရား)။

## အယောနိသောမနသိကာရဆိုတာ

မပျောက်ပေဘူးလား . . . (ပျောက်ပါတယ်ဘုရား)။ ဘာပြုလို့ ပျောက်ရပါသလဲဆိုတော့၊ အယောနိသော မနသိကာရ လို့ဆိုတဲ့ ဥစ္စာက ဒကာ ဒကာမတို့ မှတ်ထား အနိစ္စကို နိစ္စထင်တဲ့တရား၊ ဒုက္ခကို (သုခ) သုခထင်တဲ့တရား၊ အသုဘကို . . . (သုဘလို့ထင်တာပါဘုရား)။

အနတ္တကို . . . (အတ္တလို့ ထင်ပါတယ်ဘုရား) အတ္တထင်တဲ့တရားဆိုတော့ ဒီတရားတွေဟာ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါတော့၊ လောဘ ဒိဋ္ဌိပဲလို့ ပေါင်းလိုက်တော့ လောဘဒိဋ္ဌိပဲရတယ် . . . (မှန်ပါ့) မရဘူးလား . . . (ရပါတယ် ဘုရား)။

အနိစ္စ . . . နိစ္စထင်တာကလည်း ဒိဋ္ဌိပဲ မဟုတ်ဘူး လား. . . (ဟုတ်ပါတယ်ဘုရား)၊ အသုဘ-သုဘလို့ထင်တာ ကတော့ လောဘလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ် ဘုရား)။

## လောဘဒိဋ္ဌိပဲရှိတယ်

ကောင်းပြီ၊ အနတ္တ - အတ္တထင်တာက ဒိဋ္ဌိလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ ကောင်းပြီ ဒါဖြင့် ဒုက္ခကို သုခထင်နေတာကတော့ဖြင့် ဒါလိုချင်တဲ့ လောဘလို့ မဆိုနိုင်ဘူး လား . . .။

ပေါင်းလိုက်တဲ့အခါကျတော့ အယောနိသောမနသိကာ ရ မှာ လောဘဒိဋ္ဌိပဲရှိတယ်. . . သဘောကျပလား . . . (မှန်ပါ့)။

အယောနိသောမနသိကာရ၏ တရားကိုယ် ကောက်လိုက်ရင်ဘာပါလိမ့် . . . (လောဘ ဒိဋ္ဌိပါဘုရား)။

အဲဒီ လောဘဒိဋ္ဌိကဝင်လာသည်နဲ့ တစ်ပြိုင်နက်တည်း ဒီဝီထိမျိုး နောက်ထပ်ကျနိုင်သေးရဲ့လား . . . (မကျနိုင်ပါဘူး ဘုရား) မကျနိုင်တော့ဘူး။

လောဘဒိဋ္ဌိဝင်လာလို့ရှိရင် ဒကာ ဒကာမတို့ ဒီအစဉ် လာသေးရဲ့လား . . . (မလာပါဘူးဘုရား)၊ ဒီအစဉ်ဘယ်နှယ့်ကြောင့် မလာသတုံး မေးလို့ရှိရင်ဖြင့်၊ ဒီအစဉ်ဟာ **အာသေဝန သတ္တိ** နဲ့ ဦးဘတင်ဆုံးပြီး သကာလ ဒီဘက်လည်း ဒါမျိုးလာဖို့ မသင့်ဘူးလား။

ခဏ ခဏ ပေါ်နေဖို့ . . . (မှန်ပါ့) **အာစိဏ္ဏကံ** ဖြစ်နေဖို့ မသင့်ဘူးလား . . . (သင့်ပါတယ်ဘုရား)။

သို့သော် အာစိဏ္ဏကံဖြစ်နိုင်လား . . . (မဖြစ်နိုင်ပါဘူး ဘုရား) လောဘဒိဋ္ဌိက လောင်ပစ်လိုက်တယ်. . . (မှန်ပါ့)။

## ပူလောင်ခံခြင်းနှိပ်စက်ခံရခြင်းကိစ္စ

ဒါဖြင့် ဒီတရားတွေဟာ ပူလောင်ခံခြင်း၊ နှိပ်စက်ခံရခြင်း ကိစ္စရှိတယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ် ဘုရား) ဘာကိစ္စရှိတုံး . . . (ပူလောင်ခံခြင်း၊ နှိပ်စက်ခံရခြင်း ကိစ္စရှိပါတယ်ဘုရား)။

ဩော်. . . ပူလောင်ခံခြင်း၊ နှိပ်စက်ခံရခြင်းကိစ္စရှိတယ် ဆိုတော့၊ ဒါ လောဘမီးနဲ့ ဒိဋ္ဌိမီး လောင်ပစ်လိုက်တာ သဘောကျကြလား . . . (ကျပါတယ်ဘုရား)။

ဘာလောင်ပစ်လိုက်တာပါလိမ့် . . . (လောဘမီးနဲ့ ဒိဋ္ဌိမီးပါဘုရား) လောဘဒိဋ္ဌိ လောင်ပစ်လိုက်တယ်ဆိုကြပါစို့၊ လောဘဖြစ်တဲ့ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ ကိလေသာ ဆယ်ပါးမရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီ ကိလေသာ ဆယ်ပါးမှာ ခုဒီထဲမှာ လောဘဒိဋ္ဌိ ဆိုတဲ့ ကိလေသာ မီးက လောင်ပစ်လိုက်တာနဲ့ ပထမပေါ်တဲ့ အရှိန်ကလေးကုန်သွားရော နောက်ပေါ်ခွင့်ရသေးရဲ့လား. . . (မရပါဘူးဘုရား)။

ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး . . . (လောဘမီး၊ ဒိဋ္ဌိမီး လောင်ပစ်ပါတယ်ဘုရား) လောဘမီး ဒိဋ္ဌိမီးလောင်ပစ်လိုက်တယ်. . . (မှန်ပါ့)။

ခန္ဓာထဲ လောင် . . . (မှန်ပါ့) ဒီဟာမျိုး နောက်ထပ် မပေါ်အောင်လို့ တစ်ခါတည်း ကျွမ်းအောင် လုပ်မပစ်လိုက်ဘူးလား (လုပ်ပစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒကာ ဒကာမတို့ သန္တာန်မှာ ရှိတဲ့ မနေ့က ပြောခဲ့တဲ့၊ ဘုန်းကြီးနေ့တိုင်း ဟောနေတဲ့တရားတွေ ဟာ မေ့ပျောက်၊ မေ့ပျောက်သွားတာဟာ သဘောကျကြပလား လို့ မေးတယ် . . . (ကျပါတယ်)။

## လောဘမီး၊ ဒိဋ္ဌိမီးတွေလောင်တယ်

ဘယ်လိုများ ကျပါလိမ့် . . . လောဘမီး ဒိဋ္ဌိမီးတွေက ဘယ့်နှယ်တုံး . . . (လောင်ပါတယ်ဘုရား) လောင်လောင်ပစ် လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် မေ့ပြီဘုရား၊ ပျောက်သွားပြီဘုရား၊ နှလုံးမသွင်းမိဘူးဘုရား . . . မလာဘူးလား. . . (လာပါတယ် ဘုရား)။

အဲ့ဒါ ဘယ်မီးတွေလောင်တယ်ထင်တုံး . . . (လောဘ မီးတွေ လောင်တာပါဘုရား) ဩော် . . . လောဘဒိဋ္ဌိမီးက

ဘာတွေလောင်ပါလိမ့်မတုံးဆိုလို့ရှိရင် ကောင်းတဲ့နာမ်ရုပ်လောင်တာ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာတွေလောင်ပါလိမ့် . . . (ကောင်းတဲ့နာမ်ရုပ်လောင်ပါတယ်ဘုရား) ကောင်းတဲ့နာမ်ရုပ်လောင်ပစ်တယ်၊ ဦးခင်မောင်ရေ . . . (မှန်လှပါ) ဒကာ ဒကာမတွေ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

လောဘဒိဋ္ဌိက မီးလို့ဆိုတာကော သဘောကျပလား . . . (ကျပါတယ်ဘုရား) ထမင်းဆာလို့ စားလိုက်တော့ လောဘမီးက မလောင်ဘူးလား (လောင်ပါတယ်ဘုရား)၊

ထမင်းဆာလို့ စားနေတာနဲ့ လောဘမီးတောက်တာနဲ့ ဒီတရားတွေ ပြန်နှလုံးသွင်းကြည့်ရသေးရဲ့လား . . . (မရပါဘူး) အဲဒါ ဘယ့်နှယ်ကြောင့်တုံးလို့ မေးရင်ကော ဘယ့်နှယ်ဖြေမတုံး (လောဘမီးလောင်လို့ပါဘုရား)။

အင်း . . . ငါ့ပစ္စည်းဖြစ်အောင် ငါလုပ်ရဦးမယ်ဆိုပြီး ရောင်းရ ဝယ်ရတာနဲ့ပဲ၊ ဒိဋ္ဌိမီးလောင်လိုက်တာနဲ့ပဲ ဒါတွေဟာ အာစိဏ္ဏကံအဖြစ်နဲ့ ပေါ်လာသေးရဲ့လား(မပေါ်လာပါဘုရား)။

ဟ-ဘာလောင်ပစ်ပါလိမ့် . . . (ဒိဋ္ဌိမီးပါဘုရား) ဒိဋ္ဌိမီး လောဘမီး မလောင်ပေဘူးလား . . . (လောင်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေသန္တာန် ဘဝများစွာ သံသရာက မနေ့က ပြောခဲ့တဲ့ ဘုရားအဆူဆူနဲ့ မတွေ့ခဲ့တာ မရှိပါဘူး တွေ့ပါတယ်၊ တွေ့လို့လည်း လူဖြစ်လာတာ သက်သေခံလုံ လောက်ပါတယ်လို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## ဘာ့ကြောင့် ကျွတ်တမ်းမဝင်ကြပါလိမ့်

သို့သော် ဘယ့်နှယ်ကြောင့် ကျွတ်တမ်းမဝင်ပါလိမ့် မလဲလို့ အမေးထုတ်လို့ရှိရင်ဖြင့် တပည့်တော်တို့ဘုရား ရသ၍ သူတော်ကောင်း ရတနာပစ္စည်းလေး၊ ကိစ္စဉာဏ်ပစ္စည်းလေး ဒါတပည့်တော်တို့ရလည်းရ။

တပည့်တော်တို့ကိုလည်း နှိပ်စက်ပြီးသကာလ ပစ်လိုက်လို့ ပြောင်ပြောင်ပြောင်သွားတာနဲ့ ပါရမီဆိုတာ အညွန့်အညှောက်ပေါက်ရမှာပဲဆိုတော့၊ မျိုးစေ့ ပျောက်ပျောက်သွားလို့ ဘုရားလို့အဖြေထွက်တယ် (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လိုအဖြေထွက်ပါမတုံး . . . (မျိုးစေ့ပါ ပျောက်ပျောက်သွားလို့ပါဘုရား) အညွန့်အညှောက်ပေါက်သေးရဲ့လား . . . (မပေါက်ပါဘူးဘုရား)။

ဘယ်လို အဖြေထွက်ပါ့မတုံး . . . (မျိုးစေ့ပါ ပျောက်ပါတယ်ဘုရား) မျိုးစေ့ပါ ပျောက်သွားတယ် မျိုးစေ့ပါ

ပျောက်သွားတော့ နောက်ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြန်တော့ မျိုးစေ့လေး ရပြန်ရော သဘောကျပလား . . . (မှန်ပါ့)။

ရတဲ့မျိုးစေ့လေး အိမ်ကျတော့ လောဘမီး၊ ဒေါသမီး၊ သားရေး၊ သမီးရေး၊ စီးပွားရေးကိစ္စဆိုတဲ့ လောဘဒိဋ္ဌိမီးတွေက လောင်ပစ်လိုက်ပြန်တော့ ဘာဖြစ်ပြန်တုံး . . . (ပြောင်ပါတယ် ဘုရား)။

## ရတာကနည်းနည်း၊ ဖြုန်းတာကများများ

ပြောင်ပြန်ရောဆိုရင် လွဲသလား . . . (မလွဲပါဘူး) ဒါဖြင့် ဒကာ ဒကာမတို့ ရတာကနည်းနည်း ဖြုန်းလိုက်တာက များများ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမတုံး . . . (ရတာကနည်းနည်း ဖြုန်းလိုက်တာက များများပါဘုရား)၊ ဪ-ဒါဖြင့် ပေးတဲ့ ပုဂ္ဂိုလ် ကိုရော သဒ္ဓါစရာ ရှိရဲ့လားလို့ မေးပါဦး. . . (မရှိပါဘူး ဘုရား)။

ဘယ့်နှယ်ဆိုကြမတုံး . . . (သဒ္ဓါစရာမရှိပါဘူးဘုရား) သဒ္ဓါစရာတောင် မရှိဘူးနော်. . . (မှန်ပါ့) ဒါဖြင့် မီးရှို့ခဲ့လွန်းလို့ (မှန်ပါ့)။

ဒေါ်ရွှေဘာဖြစ်လို့တုံး . . . (မီးရှို့ခဲ့လွန်းလို့ပါဘုရား)၊ မယုံရင် ကြည့်ပါလို့ မနေ့က ပြောခဲ့တယ်။ ခင်ဗျားတို့ ဒီတံခါးပေါက်ကထွက်ရင်ပဲ ဒီကဟာ တချို့မပါဘူးဗျ . . (မှန်ပါ့)။

တံခါးပေါက်ကထွက်ရင်လေ . . . (မှန်ပါ့)၊ ကိုယ့်ကိစ္စနဲ့ ကိုယ် အရေးကြီးပြီးသကာလ ကိုယ့်လူ စုံမစုံ ကြည့်ရတာ၊ ကိုယ့်ခင်ပွန်း ကိုယ့်သား၊ ကားစီးဖော်စီးဖက်၊ ဒါတွေကို နှလုံး သွင်းနေရတာနဲ့ ဒီဘက်က အကုန်ပျောက်သွားတယ် . . (မှန်လှပါ)၊ မပျောက်ဘူးလား ပျောက်လား . . . (ပျောက်ပါတယ်ဘုရား)။

## အိမ်ပေါ်မှာ ကျန်ရစ်ခဲ့တယ်

အဲဒါဟာ ဘာတုံးဆိုတော့ ခင်တဲ့ပုဂ္ဂိုလ်ကို ကြည့်ရတဲ့ လောဘမီး၊ သဘောကျပလား . . . (မှန်ပါ့) ငါ့လူ ဘယ်နား မတုံးဟော့ဆိုတဲ့ ဒိဋ္ဌိက လောင်ရတာက တစ်မျိုး။ ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

အဲ့ဒါတွေလောင်ပစ်လိုက်တာနဲ့ အိမ်ပေါ်ကတရားသည် ဒကာ ဒကာမတို့ အိမ်ပေါ်မှာ ကျန်ရစ်ခဲ့တာပဲ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော် . . ဗို နိဗ္ဗာန်မရတဲ့အကြောင်း ကောင်းကောင်းကြီး သိပလား . . . (သိပါပြီဘုရား)။ ဘာကြောင့်ပါလိမ့်ဗျာ (လောင်စာရှိလို့ပါဘုရား)။

အင်း အဲဒီ ပူပန်စေခြင်းကိစ္စ၊ နှိပ်စက်ခြင်းကိစ္စရှိတယ်ဆို တော့ ဩော် . . . ဒီလို လောင်လောင်သွားလို့ ဒီလိုပြောင်ပါ လား၊ လောင်တဲ့အချိန်မှာ သိနေရမယ်။

## ခန္ဓာကြီးဘာကိစ္စရှိပါလိမ့်

ဒါလေး ပျောက်သွားတဲ့ အချိန်ကျတော့ ပျောက်သွား တာ ဘာဖြစ်လို့ ပျောက်ပါလိမ့်မတုံး၊ ဩော် . . . တရားက ပူပန်စေခြင်းကိစ္စ၊ နှိုက်စက်ခြင်းကိစ္စရှိတယ်၊ နှိပ်စက်ခံရခြင်းကိစ္စ ရှိတယ်။

ဩော် . . . ဒီခန္ဓာကြီးဟာ ဒီကိစ္စမှတစ်ပါး ဘာမှမရှိဘူး သဘောကျပလား . . . (မှန်ပ့ါ)၊ ဒီ ခန္ဓာကြီးမှာ ဒီကိစ္စမှတစ်ပါး ဘာကိစ္စရှိသေးတုံး . . . (မရှိပါဘူးဘုရား)။

လောဘမီး၊ ဒေါသမီး၊ လောင်စာ၊ လောင်စာဖြစ်ခြင်း ကိစ္စရှိတယ်၊ သဘောကျပလား . . . (မှန်ပ့ါ)၊ ဘာကိစ္စရှိတုံး (လောင်စာဖြစ်ခြင်းကိစ္စရှိပါတယ်ဘုရား)။

## လောင်စာဖြစ်ရပါလို၏

အဲတော့ ခင်ဗျားတို့ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏၊ လောင်စာဖြစ်ရပါလို၏ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာဖြစ်ရပါလို၏ . . . (လောင်စာဖြစ်ရပါလို၏) ထင်းဆုတောင်းတာ . . . (မှန်ပါ့) ကောင်းသေးရဲ့လား . . . (မကောင်းပါဘူးဘုရား)။ ဘာဆုတောင်းတုံး . . . (ထင်းဆုတောင်းပါတယ်ဘုရား)။

ထင်း ဆုတောင်းတယ်၊ ကြံ့ကြံ့ဖန်ဖန် မတောင်းကောင်းဘူးဗျ၊ ဒီ အဓိပ္ပာယ် ဦးဘတင် . . . (တင်ပါ့) တောင်းကောင်းရဲ့လား . . . (မတောင်းကောင်းပါဘူးဘုရား)။

နို့ ဘာဖြစ်လို့ တောင်းကြတုံး . . . ကိစ္စဉာဏ်မရလို့ တောင်းတာ ဘာဖြစ်လို့ တောင်းကြတုံး . . . (ကိစ္စဉာဏ်မရလို့ တောင်းတာပါဘုရား)။

ပူပန်စေခြင်း၊ နှိပ်စက်ခြင်း ကိစ္စပဲရှိတယ်တဲ့ မင်းတို့ ခန္ဓာမှာ သဘောကျပလား၊ အဲဒီ ကိစ္စဉာဏ်မရတဲ့ ဒကာ ဒကာမဟူသ၍ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဒီသား၊ ဒီသမီး၊ ဒီမြေးနဲ့ မခွဲရပါလို၏ အစရှိသည်နဲ့ မတောင်းကြဘူးလား. . . (တောင်းပါတယ်ဘုရား)။

## လူဖြစ်ချင်၊နတ်ဖြစ်ချင်ဆိုတာ ထင်းဆုတောင်းတာ

အဲဒါ ဘာဆုတောင်းတာတုံး . . . (ထင်းဆုတောင်းတာပါဘုရား)။ ထင်းဆုတောင်းတာသည်ကားလို့ဆိုရင်၊ ထင်းဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ခြစားလောက်ကိုက်သော်လည်းကောင်း၊

တောမီးလောင်၍သော်လည်းကောင်း၊ ယာမီးလောင်၍သော် လည်းကောင်း ပြောင်မှာပဲ၊ စောဒက ဒီအပြင် အလုပ်ရှိသေး သလား . . . (မရှိပါဘူးဘုရား)။

ခြစားလောက်ကိုက်ရယ်၊ တောမီးရယ်၊ ယာမီးရယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ ဘာမီးတွေလောင်ရတုံး . . . တောမီး၊ ယာမီးဆိုလိုက်ပါတော့ဗျာ . . . နော်။

အဲ ဘာဆုတောင်းလို့ တောမီး၊ ယာမီးနဲ့ တွေ့ရပါလိမ့် (ထင်းဆုတောင်းလို့ပါဘုရား)။ မတောင်းကောင်းဘူးဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒီခန္ဓာကြီးကို နှိပ်စက်ခြင်းကိစ္စ နားလည် လို့ရှိရင်လည်း ဘဝတဏှာ သေ၊ မသေ. . . (သေပါတယ် ဘုရား)။

နှိပ်စက်ခြင်းကိစ္စ၊ နှိပ်စက်ခံရတဲ့ကိစ္စ သိသွားလို့ရှိရင်ဖြင့်၊ ဩော် . . . ထင်းဆုကြီး မတောင်းတော့ပါဘူးလို့ ခုနက ခင်ဗျားတို့ တစ်ပြိုင်နက် အဖြေထွက်တယ်. . . (မှန်ပါ့)။

မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား)။ ဒါ နှိပ်စက်တဲ့ကိစ္စဖြစ်တာနဲ့ မတောင်းတော့ပါဘူးဆိုတာက နောက် ဘဝဘာမှ မတောင်းတော့ပါဘူးဆိုတဲ့ တောင်းချင်တာက တဏှာကိုဗျ။

မတောင်းတော့ပါဘူးဆိုလို့ရှိရင်ဖြင့် ဒါ အလောဘလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။ ဒါဖြင့် အလောဘဟာ ဘယ့်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံးလို့ အမေးထုတ်ခဲ့သည် ရှိသော် ပူပန်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စနဲ့ မကြုံချင်တာနဲ့ပဲ မတောင်းတော့ဘူး၊ သဘောပါရဲ့လား . . . (မှန်ပါ့)။

## ကိစ္စညဏ်ရလို့ဘဝတဏှာသေတယ်

ဒါဖြင့် ဘဝတဏှာ သေမသေ . . . (သေပါတယ်)၊ အနာဂတ်တဏှာ သေမသေ . . . (သေပါတယ်ဘုရား)၊ သေတာထောက်လိုက်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိစ္စညဏ်ရလို့ သေသွားတာ။

ကိစ္စညဏ်မရရင် . . . (မသေပါဘူးဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ရုပ်နာမ်ကြီးဟာ ဘာကိစ္စရှိသတုံး၊ နှိပ်စက်ခံရခြင်း (ကိစ္စရှိပါတယ်ဘုရား) ကိစ္စရှိတယ်၊ သဘောကျပလား . . . (မှန်ပါ့)။

အားလုံး ဒကာ ဒကာမတွေမှာ ဘာကိစ္စရှိသတုံး. . . (နှိပ်စက်ခြင်းကိစ္စရှိပါတယ်ဘုရား) နှိပ်စက်ခံရခြင်းကိစ္စရှိတယ်၊ ဘာမီးတုံးဆိုတော့ ဒီနေ့ ပြောချင်တာ ကိလေသာမီးပြောတယ် နော် . . . (မှန်ပါ့)။

ဒုက္ခမီးမထည့်သေးဘူးတဲ့၊ မနေ့ကပြောခဲ့တယ်၊ ဒီနေ့တော့ ထည့်ပါလိမ့်မယ်။ ကိလေသာမီးလောက် အလောင်ကြမ်းတာမရှိဘူးနော် သဘောကျပလား . . . (မှန်ပါ့)။

ဒီပြင် မီးလောင်တယ်ဆိုတာက ပြာကျန်ရစ်တယ်လို့မှတ် (မှန်ပါ့)၊ တခြားမီးလောင်လို့ရှိရင် ခု ပူတယ်ဆိုတဲ့မီးဟာ ပြာကျန်ရစ်တယ်။

## ပြာမကျန်အောင်လောင်တယ်

ကိလေသာမီး လောင်တာက ပြာကို မကျန်ရစ်ဘူး။ ကဲ- ကိလေသာမီးနဲ့ ဒကာ ဒကာမတို့ ခင်ဗျားတို့ ပကတိလူဖြစ်မှပါတဲ့ မီးနဲ့ ထင်းမီးနဲ့ ဘယ်သူက ပြင်းတယ်ထင်ကြတုံး (ကိလေသာမီးက ပြင်းပါတယ်ဘုရား)။

ထင်းမီးက ခင်ဗျားတို့ အသည်းနှလုံး လောင်တယ်ဆိုတာက အပေါ်ယံတင်အကုန် သေပြီးမှသာလျှင် လောင်နိုင်တာ (မှန်ပါ့) ဟုတ်လား . . . (မှန်ပါ့)။

ဒီ ကိလေသာမီးက အတွင်းကစလောင်တာ ရိပ်မိပလား (မှန်ပါ့)၊ ကိလေသာမီးက ဘယ်ကစလောင်တုံး . . . (အတွင်းက စလောင်ပါတယ်ဘုရား)။

ထင်းမီးက . . . (အပြင်ဘက်က စလောင်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ ကိလေသာမီးက . . . (အတွင်းက စလောင်တာပါဘုရား)။

ဒါဖြင့် ထင်းမီးက . . . (အပြင်က စလောင်တာပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဘယ်သူကထက်လို့တုံးတဲ့. . . (ကိလေသာမီးက ထက်လို့ပါဘုရား)။ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## ထင်းမီးကပြောင်အောင်မလောင်နိုင်ဘူး

အဲဒီ ကိလေသာမီးနဲ့ ရှို့ပေးလိုက်တဲ့အခါ ထင်းမီးက ခင်ဗျားတို့ သူတော်ကောင်းရတနာတွေ ဘုန်းကြီးက ပေးထားတယ်၊ ထင်းမီးက ပြောင်အောင် မလောင်နိုင်ဘူး. . . (မှန်ပါ့)။

လောင်နိုင်ပါ့မလား . . . (မလောင်နိုင်ပါဘူးဘုရား)၊ ကိလေသာမီးကတော့ . . . (ပြောင်အောင် လောင်နိုင်ပါတယ်ဘုရား)။

ကိုင်း ဘယ်သူက သတ္တိထက်လို့တုံး . . . (ကိလေသာမီးက ထက်လို့ပါဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အမလေး ဒကာ ဒကာမတွေက ကိလေသာမီး ခင်ဗျားတို့က မကြိုက်အောင်လို့ ခု လောကီထင်းပုံမီးနဲ့ ဦးဘတင် နှိုင်းယှဉ် ပြောနေရတာ . . . (မှန်ပါ့)။

ခု-ကြောက်နေရတာ မီးမီးတဲ့ဆိုတော့ ပျာလို့ . . . (မှန်ပါ့)၊ ထင်းပုံမီးကျတော့ ပျာနေတယ်. . . (မှန်ပါ့)။

အတွင်း ကိလေသာမီး တောက်လောင်နေတော့၊ ပျော်ကြ ရဲ့လား . . . (မပျော်ပါဘူးဘုရား)။ ဒါ ပျော်ရမှာမပျော်၊ ခင်ဗျားတို့ ဟာက မပျော်ရမှာကျတော့ ဘယ့်နှယ်ဖြစ်နေတုံး . . . (ပျော်နေ ပါတယ်ဘုရား)။

အတော်လိုနေပါသေးလားဗျ . . . (မှန်ပါ့)။ အတွင်း လောင်တဲ့မီးကျတော့ ပျော်ရမယ် . . . (မှန်ပါ့)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အပြင်လောင်တဲ့မီးကျတော့ ခင်ဗျားတို့က ပျော်တယ်၊ အတွင်းလောင်တဲ့မီးကျတော့ . . . (မပျော်ပါဘူး ဘုရား)။

မပျော်တော့ သတိပဋ္ဌာန်အလုပ် မလုပ်တော့ဘူး. . . လုပ်သေးရဲ့လား . . . (မလုပ်ပါဘူးဘုရား)။

ဒါ အတွင်းမီးကို ခင်ဗျားတို့သည် ပျော်ရမယ့်ဥစ္စာ ကိလေသာမီး လောင်နေတဲ့ဥစ္စာကို မဂ်ရေစင်နဲ့ ဖျန်းမှ ငြိမ်းမှာ ကိုးဗျ၊ သဘောကျပလား . . . (မှန်ပါ့)။

ခုတော့ မဂ်ရေစင်နဲ့ မဖျန်းသေးခင် အတွင်းမီးကျတော့ လောင်မှန်းမသိဘူး ပေခံနေတော့ အတော်ဆိုးမနေဘူးလား (ဆိုးနေပါတယ်ဘုရား) သဘောကျပလား . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ နတ်ပြည်က နတ်တွေ ဘုန်းကြီး ရှင်းပြမယ် ကိလေသာမီး ပြင်းထန်နေပုံနော်။

## သုဖြဟ္မာနတ်သား

သုဖြဟ္မာနတ်သားဝတ္ထုကို ဖတ်ကြည့် သံယုတ်ပါဠိတော်မှာ ခင်ဗျားတို့ သုဖြဟ္မာနတ်သားဆိုတာ အားလုံး ဒကာ ဒကာမတွေ ကြားဖူးပါတယ်။

သူဟာ ပန်းပင်ကြီးတစ်ပင်ရှိတယ်။ ပန်းပင်ကြီးတစ်ပင်ပေါ်မှာ နတ်သမီး ငါးရာက ပန်းတွေဆွတ်ခူးပြီး အောက်ချရတယ်၊ အောက် နတ်သမီးငါးရာက ပန်းတွေကို ကုံးကာ သီကာနဲ့ သူ့လည်ပင်းစွပ်ပြီး ဆင်ကြပြင်ကြရတယ်။

စည်းစိမ်ရှင်လို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။ အပေါ်က နတ်သမီးငါးရာက ဘာတုံး. . . (ဆွတ်ခူးချရတယ်)။

အောက်နတ်သမီး ငါးရာက ဘာလုပ်ရတုံး . . . (သီးကုံးပေးရပါတယ်ဘုရား)၊ သီကုံးပေးရတယ်၊ သီကုံးပြီး သူ့ကိုဆင်ရတယ်နော် . . . (မှန်ပါ့)။

အဲ့ဒါကို သူတို့အပင်ပေါ်က နတ်သမီးတွေကလည်း သီချင်းတကြော်ကြော်နဲ့ဆိုပြီး တစ်ခါတည်း ခြွေချနေကြတာပဲ၊ သူတို့ခင်ပွန်းသည် လှဖို့ ပဖို့ပေါ့ဗျာ။

## နတ်သမီးတစ်ထောင်

အားလုံး နတ်သမီးတွေကလည်း ပျော်လို့ပါးလို့ ကုံးရ

သိရတာကိုပဲ သူတို့မှာ ပျင်းရိဖွယ်မရှိ ပြင်ဆင်လုပ်ပေးနေရတာ ကိုပဲ ဦးခင်မောင်ရ သူတို့မှာ မင်္ဂလာကြီးတစ်ခုဖြစ်နေတယ်. . . (မှန်ပါ့)။

ဒါဖြင့် သူတို့မှာ ပျော်နေတာပေါ့ဗျာ . . . (မှန်ပါ့)၊ သဘောကျကြပလား . . . (မှန်ပါ့)၊ ဘာဖြစ်နေတုံး . . . (ပျော်နေပါတယ်ဘုရား)။

ပျော်တာ လောဘမီးတောက်နေတာ . . . (မှန်ပါ့)။ ပျော်တာ ဘာမီးတောက်တုံး . . . (လောဘမီး တောက်နေတာပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား၀။

## နတ်သမီးငါးရာ အဝီစိငရဲကျသွားတယ်

ပျော်တာ ကိလေသာမီး မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။ အဲ့ဒီ ကိလေသာမီးက တစ်ခါတည်း လောင်လိုက်တာ ဦးခင်မောင်ရေ အပေါ်က နတ်သမီးငါးရာ ပြာတောင်မကျန်ရစ်ဖူး . . . (မှန်ပါ့)။

အကုန်ပျောက်ပြီး အဝီစိ ငရဲကျသွားတယ်. . . (မှန်ပါ့) တစ်ပြိုင်တည်းကျတာ . . . (မှန်ပါ့)။ ဘာမီးလောင်ချလိုက်တုံး (ကိလေသာမီးလောင်ချလိုက်တာပါဘုရား)။

တယ်လည်း ကြောက်စရာကောင်းပါလား၊ သီချင်းတကြော်ကြော်နဲ့ ဆိုပြီးသကာလ ခူးဆွတ်နေတဲ့ နတ်သမီး

ငါးရာဟာ တစ်ပြိုင်နက် တစ်ခါတည်း အပင်ပေါ်က ပျောက်သွားတယ်။

ကိလေသာမီး လောင်ချလိုက်တာ . . . (မှန်ပါ့) နောက်ကျတော့ နတ်သားက ကြည့်တယ်၊ သုဗြဟ္မာ နတ်သားက ကြည့်တယ်၊ ငါ့နတ်သမီးတွေဟာ သီချင်းဆိုသံလည်း မကြားဘူး၊ ပန်းလည်းအောက်မကျပါဘူး၊ ဘာများဖြစ်ပါလိမ့် မတုံးဆိုတော့ တစ်ယောက်မှ ရှာမတွေ့ဘူး။

တစ်ယောက်မှ ရှာမတွေ့တော့ သူနတ်မျက်စိနဲ့ ဦးခင်မောင်ကြည့်လိုက်ပါတယ် . . . (မှန်ပါ့)။ ကြည့်လိုက်တော့ ဟို ဒယ်အိုးထဲတစ်ပြုံကြီးဖြစ်နေကြတယ်။ အော်ကာ ဟစ်ကာနဲ့ ပေါ့ဗျာ။

ဒါ ဘာမီးလောင်ချလိုက်တယ်ဆိုတာ ဒကာ ဒကာမတွေ ရိပ်မိတယ်မို့လား . . . (ရိပ်မိပါတယ်ဘုရား)။ ဘာမီးပါလိမ့် (ကိလေသာမီးပါဘုရား)။

သူ့ခင်ပွန်းခင်တဲ့ လောဘမီး၊ သူတို့ဒီအလုပ်လုပ်နေရလို့ ပျော်တယ်ဆိုတဲ့ လောဘမီး သဘောကျပလား . . . (မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာ အလကား သေသွားကြတာလား၊ မီးလောင်လို့ သေသွားကြတာလားလို့သာမှတ် . . . (မီးလောင်လို့ သေသွားကြတာပါဘုရား) ရှင်းပလား။

## ကိလေသာမီးကလောင်လိုက်တာ

ဩော် . . . ဒါဖြင့် ဒီနတ်သမီးတွေဟာ၊ ကိလေသာမီး တည်းဟူသော လောင်ချလိုက်တဲ့ဥစ္စာတဲ့၊ သူတို့ အကျိုးပေးထား တဲ့ဒါန၊ သီလတို့၏ အကျိုးပေးကုသိုလ်ကံတွေကို တစ်ခါတည်း ပြောင်သွားတာပဲ၊ မပြောင်ဘူးလား . . . (ပြောင်ပါတယ်ဘုရား)။

အကျိုးပေးတွေ ဘယ့်နှယ်ဖြစ်သွားတုံး . . . (အကုန် ပြောင်ပါတယ်ဘုရား)။ ပြောင်သွားအောင် လောင်ပစ်လိုက် တယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်သူက လောင်တာပါလိမ့် . . . (ကိလေသာမီးက လောင်တာပါဘုရား)၊ကိလေသာမီးက လောင်ချတာ တစ်ခါ တည်း ပြောင်ပြီးသကာလ အောက်ရောက်သွားတယ်၊ ငရဲအိုး ထဲ ရောက်သွားတယ်ဆိုတာ ဒကာ ဒကာမတွေ ထင်ရှား တယ်နော် . . . (မှန်ပါ့)။

ကောင်းပြီ၊ ဒါနဲ့ သုပြဟ္မာနတ်သားက ကြည့်လိုက်တယ်၊ ငါ့နတ်သမီးတွေ တစ်ယောက်မှ အသံလည်းမကြားဘူး၊ ပန်းတွေ လည်း အောက်မကျလာဘူး၊ ဘာများဖြစ်ပြန်သတုံးလို့ အပေါ် ကြည့်လိုက်တော့ တစ်ယောက်မှလည်း ရှာမတွေ့ဘူး။

ဒါနဲ့ နတ်မျက်စိနဲ့ကြည့်လိုက်တော့ ကိုသစ်အောက်မှာ ဒယ်အိုးထဲမှာ အော်ကာဟစ်ကာနဲ့ ငါးရာစလုံး ကျတယ် . . . (မှန်ပါ့)။ ကဲ ဘယ်လောက် ကြောက်စရာကောင်းတုံး . . . (ကိလေသာမီး လောင်လို့ပါဘုရား)။

ဘာမီးလောင်လို့တုံး . . . (ကိလေသာမီး လောင်လို့ပါ ဘုရား)။ အဲဒါ ခင်ဗျားတို့က ဒီလိုဝတ္ထုတွေလည်း မကြားရ၊ ကိလေသာမီး ဒီလောက်ထက်မှန်းကလည်းမသိတော့၊ ခင်ဗျားတို့က ရှာဖွေပြီးသကာလ မရ ရကြောင်း ကိလေသာမီး တောက်နေတာကိုပဲ . . . ။

## ဘယ်သူကကျွေးမှာတုံး

အို. . . လူဆိုတာ ဒီလိုပဲ လုပ်ရတာပဲ ဘယ်တတ်နိုင်ပါ့မတုံး၊ မလုပ်လဲ ဘယ်သူကမှ လာကျွေးတာမဟုတ်ဘူးဆိုပြီး၊ ကိလေသာမီးတောက်တာကို ဆင်ခြေလဲပြီး ထုတ်ပေးကြတာပဲ။

ဘာဖြစ်ကြတာတုံး . . . (ကိလေသာမီးတောက်တာကို ဆင်ခြေလဲပြီး ထုတ်ပေးတာပါဘုရား)၊ ထုတ်ပေးကြတာ။

ဒီပြင်လူကလည်း ပြောတယ်၊ ဒီလောက် စားလောက် သောက်လောက် ရှိတော်ရောပေါ့၊ နည်းနည်းစားနိုင် သောက်နိုင် တဲ့ပုဂ္ဂိုလ်ကလည်းပေါ့ဗျာ . . . (မှန်ပါ့)၊ တော်ကြရဲ့လား. . . (မတော်ပါဘူးဘုရား)။

ဘာဖြစ်လို့တုံး အလောင်ခံရတာ မကျေနပ်သေးလို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒယ်အိုးစာဖြစ်မယ်

အဲတော့ ခင်ဗျားတို့က တစ်ပြုလုံးဘာဖြစ်မယ်ထင်ကြတုံး (ဒယ်အိုးစာ ဖြစ်မှာပါဘုရား)၊ ဒယ်အိုးစာဖြစ်မယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အဲတော့ ဒါ ကြပ်ကြပ် သတိထားပါ၊ ကိလေသာမီး အင်မတန် ထက်တယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ ဘုရား)။ ဒါနဲ့ နတ်သားက အေး. . . သူများတွေတော့ ရောက်သွားကြပြီ။

ငါနဲ့တကွ ဒီကျန်တဲ့ အောက်မှာပန်းသီကုံးနေတဲ့ နတ်သမီးငါးရာလည်း ကြည့်ဦးမှပါပဲဆိုပြီး နတ်မျက်လုံးနဲ့ တွက်ချက်ကြည့်လိုက်တယ်။

## သူတို့လည်းသွားရတော့မယ်

သူတို့လည်း နောက်ခုနှစ်ရက်ရှိ အဲဒီ ဒယ်အိုးအတူတူ သွားကြရမှာပဲ (မှန်ပါ့)။ ဒကာ ဒကာမတို့ ရိပ်မိပလား . . . (မှန်လှပါဘုရား)။

နောက်ခုနှစ်ရက်ဆိုရင်ဘာတုံး . . . (ဒယ်အိုးထဲ အကုန်သွားရမှာပါဘုရား)။ အတူတူ အကျိုးပေးလိုက်၊ အတူတူ ဖြစ်ကြတာကိုး . . . (မှန်ပါ့) ရက်ပိုင်းလေးသာ ကွာနေကြတာ (မှန်ပါ့)။

အဲဒီတင်မှ ဒကာ ဒကာမတွေ ကြောက်လာတယ်၊ သုဖြဟ္မာနတ်သားလည်းကြောက်၊ နတ်သမီးတွေကကော ဟိုခုနှစ်ရက်သိတော့ ကြောက်မှာပေ့ါဗျ . . . (မှန်ပ့ါ)။

ဒကာ ဒကာမတို့ ခုနှစ်ရက်လိုတော့တယ်လို့သိတော့ ဘယ့်နှယ်နေတုံး . . . (ကြောက်ပါတယ်ဘုရား)။

ဒီ ဒကာ ဒကာမတွေလည်း ဘုရားက ခုနှစ်ရက်လည် တယ်ဟောသလား၊ **အဋ္ဌဝ သုဝေဝလို့** ဟောသလား . . . (အဋ္ဌဝ သုဝေဝလို့ဟောပါတယ်ဘုရား)။

မကြောက်ဘူး ကျုပ်တို့က ဒီလောက်များတော့ ဝေးပါ သေးရဲ့ ရိပ်မိပလား။

**အဋ္ဌဝ သုဝေဝ** တို့ကိုလည်းမကြောက်ဘူး၊ ခုနှစ်ရက် တောင်ကြောက်လှပြီ။ ခင်ဗျားတို့က **အဋ္ဌဝသုဝေဝ** ဘယ့်နှယ် နေတုံး (မကြောက်ပါဘူးဘုရား)။

## ဒီဘုန်းကြီးမိုလို့ ပေပေဟာနေတာ

တော်တော့် ဘုန်းကြီးမို့ ပေဟောနေတာဗျ. . ၊ မကြောက်တာကတော့ တကယ့်ကို မကြောက်တာဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဟေ - ဒေါ်နွဲ့ကြီးတို့ ဘယ့်နှယ်တုံး ကြောက်ပလား. . . (ကြောက်ပါတယ်ဘုရား) ကြောက်ပါတယ်။

ဒေါ်ရွှေတို့ကော . . . (ကြောက်ပါတယ်ဘုရား) ကြောက်လို့ရှိရင်ဖြင့် ကြောက်ပုံလေးလဲ ပြကြဦးဗျ . . . ဟုတ်ဖူး လား. . . ကြောက်တဲ့ အမူအရာ ဟန်ပန်ပေါ့လေ။

တစ်ခါတည်း နေရာထိုင်ခင်းနဲ့ အမျိုးမျိုးအဖုံဖုံ ကုသိုလ်ရေးက အချိန်မှီက ကြိုးစားလို့ ဒီလိုလည်းပြကြပါဦး၊ သားတွင်း သမီးတွင်း ပျော်ရင်းရွှင်ရင်း ဒေါ်အုန်းခင်ကြီး ကြောက်နေတာက တော့ ဘယ်သူယုံမှာတုံး . . . ယုံစရာကောရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

အေး ဒါလည်း သတိထားရဦးမယ်၊ ကြောက်တာက နေရာမကျဘူး၊ ကြောက်ရုပ်မပေါ်သေးဘူး၊ ကြောက်ရုပ် ပေါ်ပလား . . . (မပေါ်သေးပါဘူး)၊ မပေါ်သေးဘူး. . . ကြောက်ရုပ်မပေါ်သေးဘူး။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ခုနက နတ်သားကလည်း အင်မတန်ကြောက်ပြီးတော့လည်း သူနဲ့တကွ နတ်သမီးငါးရာ တို့လည်း နောက်ခုနှစ်ရက်ရှိရင်တော့ဖြင့် သေကြရတော့မှာပဲ ဆိုတော့ ကိလေသာမီး နှိပ်စက်တော့မှာပဲဆိုတာ သူသွား မြင်တယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘယ်လိုမြင်ပါလိမ့် . . . (ကိလေသာမီးနှိပ်စက်တော့ မှာပါဘုရား)၊ ဟိုနတ်သမီးငါးရာ ကိလေသာမီး နှိပ်စက်လိုက်တာ အောက်ရောက်သွားပြီ . . . (မှန်ပါ့)။

## ဘုရားထံပြေးကြတယ်

တို့လည်း ခုနှစ်ရက်ရှိဘာတဲ့ . . . (ရောက်တော့မှာပါဘုရား)။ ဘယ်သူနှိပ်စက်မှာတုံး . . . (ကိလေသာမီးပါဘုရား)။

ဒီအတိုင်းသာ ပျော်နေရင်တော့ဖြင့် သွားရတော့မယ်။ အဲဒီကိလေသာမီးက နှိပ်စက်ခြင်းကိစ္စရှိတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)၊ တစ်ပိုင်းကတော့ သေချာပြီနော်. . . (မှန်ပါ)။

အဲဒီတင်မှ ဘုရားထံပြေးပါရော၊ ဘုရားလက်ထက်က ဦးခင်မောင် . . . (မှန်ပါ)၊ နတ်သမီးငါးရာကလည်း ကြောက်လှချည်ရဲ့၊ နတ်သားကလည်း ကြောက်လှချည်ရဲ့ဆိုပြီး ဘုရားထံပြေးကြတယ်။

## ဘုရားကငါလည်းမကယ်နိုင်ဘူးတဲ့

ဘုရားက ငါလည်း မကယ်နိုင်ဘူးတဲ့၊ ဘူးခံလိုက်တယ်၊ ရိပ်မိပလား . . . (မှန်ပါ)၊ ဘုရားက ဘယ်လိုပါလိမ့် (ငါလည်းမကယ်နိုင်ဘူး) ငါလည်းမကယ်နိုင်ဘူးတဲ့။

ငါကယ်နိုင်ရင် သူ့သားရာဟုလာ ထမ်းခေါ်မှာပေါ့ဗျ၊ နိဗ္ဗာန်ကိုဟုတ်ဖူးလား . . . (မှန်ပါ)၊ ခေါ်နိုင်ရဲ့လား . . . (မခေါ်နိုင်ပါဘူးဘုရား)။

မခေါ်နိုင်တော့ **ရာဟုလောဝါဒသုတ်** မင်း ဒီဟာလေးကျင့်ပါဦးကွ ပြောနေရတာ ခေါ်နိုင်ရဲ့လား ကဲ . . . (မခေါ်နိုင်ပါဘူးဘုရား)။

အမျိုးသားတွေက ခေါ်နိုင်ရဲ့လားလို့မေးတော့ . . . (မခေါ်နိုင်ပါဘူး) **စန္ဒကိန္နရီဇာတ်** ကို ပြန်ဟောယူရတယ်။

တရားသာအားထုတ်ကြ၊ တရားကသာ ခေါ်နိုင်တယ်၊ ငါက မခေါ်နိုင်ဘူးပြောတာ ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

အဲ့ဒါ ခင်ဗျားတို့ အထင်မှားမနေကြပါနဲ့၊ ခင်ပွန်းသည်ကလည်း ခင်ပွန်းမပြောတာကို ယုံမနေပါနဲ့၊ ဟုတ်ပလား. . . တစ်ယောက်တစ်ယောက် ကယ်နိုင်ရဲ့လား . . . (မကယ်နိုင်ပါဘူးဘုရား)။

ခင်ပွန်းမကလည်း ခင်ပွန်းသည် ပြောတာကို ယောင်ပြီး ယုံမနေနဲ့၊ ဘာပူစရာရှိတုံးအေးအေးပဲနေပေါ့ အစရှိသည်နဲ့ ယုံတယ်၊ အေးကို မနေနဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

အေးနေရင် အကုန်မှားကြလိမ့်မယ်၊ ခင်ဗျားတို့ လောကီစကားကတော့ အလကားပဲ၊ နားဝင်ချိုပြီးသကာလ အတွင်းမှာဘာမှ ခရီးမပေါက်ဘူး . . . (မှန်ပါ့)၊ ပေါက်ကြရဲ့ လား . . . (မပေါက်ပါဘူးဘုရား)။

အဲဒီ ငယ်ရွယ်တုန်းကလည်း ခင်ဗျားတို့က အချိန်ကုန် မနေကြနဲ့ သဘောကျပလား . . . (ကျပါတယ်ဘုရား)။ ကိုင်း ဒါဘယ့်နှယ်လုပ်ကြမတုံး . . . အားထုတ်ရမယ် . . . (မှန်ပါ့)။

## ဘုရားကတရားဟောတယ်

ကဲ - ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာပေါ့ကွာ၊ ငါတော့မကယ်နိုင်ဘူး၊ ကယ်နိုင်တာတော့ နည်းတစ်နည်းတော့ရှိတယ်၊ ငါကိုယ်တိုင်ကတော့ မကယ်နိုင်ဘူး၊ ကယ်နည်းကိုတော့ မင်းဒီလိုကျင့်ကြံရင်တော့ရမှာပဲဆိုပြီး . . .

**နာညတြ ဗောဇ္ဈင်္ဂတပသာ၊ နာညတြိန္ဒြိယသံဝရာ၊ နာညတြသဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

သတ္တဝါတို့ကွာတဲ့ ဗောဇ္ဈင် မဂ္ဂင်မကျင့်ပဲနဲ့တော့ဖြင့် ကိလေသာမီးတောက်လောင်တဲ့ကိစ္စကို ငြိမ်းလိမ့်မယ်လို့တော့ ငါမဟောနိုင်ဘူးတဲ့ သဘောကျပလား . . . (မှန်လှပါ)။

## မဂ္ဂင်အကျင့်မှကယ်နိုင်မယ်

ကိလေသာမီး ထိုးနှက်တဲ့ ကိစ္စကို၊ ဒီဗောဇ္ဈင် မဂ္ဂင်အကျင့်ကိုမှ မကျင့်ပဲနဲ့ဖြင့် ဒီမီးကို ဘယ်သူမှ ငြိမ်းနိုင်လိမ့်မယ်လို့ ငါသဗ္ဗညုတဉာဏ်တော်နဲ့ကြည့်လိုက်တာ မမြင်ဘူးကွတဲ့။

မဂ္ဂင်မြင်ပြီးတော့ အားကိုးရမယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဘာအားကိုးရမတုံး . . . (မဂ္ဂင်အားကိုးရမှာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သားလေးကြည့် အားကိုးရ နိုးနိုး၊ မှားကုန်ပြီနော်၊ သမီးလေးကြည့်အားကိုးရနိုးနိုး ဆိုတာ ကော . . (မှားကုန်ပါပြီဘုရား) မှားကုန်ပြီ။

## ဆွေမျိုးတွေလည်းအားမကိုးနဲ့

ကိုယ့်ဆွေမျိုးတွေပဲ အားကိုးရမှာဆိုတာကော . . . (မှားကုန်ပါပြီဘုရား) မှားတယ် ဘာအားကိုးရမတုံး ဘုရားက . . . (မဂ္ဂင်အားကိုးရမှာပါဘုရား)။

ကြည့်လေ. . . မင်း ကိလေသာမီးနဲ့ ဆုံတော့မယ်၊ မီးလောင်တော့မယ်ဆိုတော့ သူ့ဟာသူလည်းသိတယ်၊ သူ့ဟာ သူသိလို့ဘုရားလျှောက်တယ်။

တပည့်တော်တို့ နောက်ခုနှစ်ရက်ရှိရင် ဒယ်အိုးသွားရ တော့မယ်ဘုရား၊ ကယ်တော်မူပါ၊ ယူတော်မူပါဆိုတော့ ငါမကယ် နိုင်ဘူးတဲ့။

**ဟောဖွင့်မဂ္ဂင်မှတစ်ပါး ချမ်းသာရာကို ပေးနိုင်တဲ့တရား** မရှိဘူးဆိုတော့၊ တရားပဲလက်ညှိုးညွှန်ပြတယ် . . . (မှန်ပါ့)၊ ဘာလက်ညှိုးညွှန်ပြတုံး . . . (တရားလက်ညှိုးညွှန်ပြပါတယ် ဘုရား)။

အဲတော့ ဒကာ ဒကာမတို့ ယနေ့ ဘာကို ဘုန်းကြီးက အသားယူပြီး ဒကာ ဒကာမတွေ မှတ်စေချင်တယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## ဘာအားကိုးရမလဲ

ဘာအားကိုးရမလဲ . . . (မဂ္ဂင်အားကိုးရမှာပါဘုရား)။ မဂ္ဂင်အားကိုး . . . (မှန်ပါ့) တရားမကျင့်ခင် အားမကိုးနဲ့ဦး. . . (မှန်ပါ့) မဂ္ဂင်အရေးကြီးတယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါကြောင့် ဗောဇ္ဈင်ဆိုတာ မဂ္ဂင်ပဲလို့ ဦးဘတင်တို့က မှတ်လိုက်နော်. . . (မှန်လှပါဘုရား)။ ဒါဘာမှ ထူးတာမဟုတ်ဘူး။

တချို့နေရာ ဗောဇ္ဈင် လို့ဟောတယ်၊ တချို့နေရာမဂ္ဂင် လို့ဟောတယ် . . . (မှန်ပါ့)။

**သောတ္ထိံပဿာမိပါဏိနံ၊ ပါဏိနံ** = သတ္တဝါတွေဟာ၊ **သောတ္ထိံ** = ချမ်းသာခြင်းကို၊ **နပဿာမိ** = မမြင်ဘူးကွတဲ့၊ **ဗောဇ္ဈင်** မဂ္ဂင်မှတစ်ပါး၊ **နာညတြ ဗောဇ္ဈင်** မဂ္ဂင်ကို ကြဉ်၍ တစ်ပါးသော တရားသည်၊ မင်းတို့ ကိလေသာမီး၊ ဒုက္ခမီးကို မကယ်နိုင်တဲ့။

ပြောင်တာသိတာ ပြောင်တာက ဟိုက ဒုက္ခသစ္စာကြီး၊ နှိပ်စက်ခြင်းကိစ္စကိုဗျ (မှန်လှပါဘုရား)၊ သိတာက မဂ္ဂကိစ္စ (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ မဂ်ကိစ္စလာကတည်းက ခုနက နှိပ်စက်နေတဲ့ ကိစ္စတွေကို မြင်လိုက်သည်နဲ့တစ်ပြိုက်နက်တည်း၊ နှိပ်စက်တာ

ကြီးကို ကျောပ်တို့သည် သာယာသေးရဲ့လား၊ နှစ်သက် သေးရဲ့လား၊ လိုချင်သေးရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေမတုံး (မလိုချင် ပါဘူးဘုရား)။

မသာယာ၊မနှစ်သက်၊ မလိုချင်တော့ဘူး၊ မလိုချင်တော့ မဂ္ဂင်က ဝမ်းထဲမှာ ရောက်နေတာ . . . (ရောက်နေပါတယ် ဘုရား)။ မဂ္ဂင်ဝမ်းထဲ ရောက်နေတော့ကို ခုန နှိပ်စက်မည့် ကိလေသာတွေက ငြိမ်းသွားတယ် . . . (မှန်ပါ့)၊ သဘော ကျပလား . . . (မှန်ပါ့)။

## မဂ်ပေါ်မှကိလေသာငြိမ်းမယ်

နှိပ်စက်မည့် ကိလေသာတွေက (ငြိမ်းသွားပါတယ် ဘုရား)၊ ငြိမ်းသွားတဲ့အခါကျတော့ ကိလေသာမီးကို မဂ်နည်း ကမှ ငြိမ်းနိုင်တာ . . . သဘောကျပလား . . (မှန်လှပါ)။

နှလုံး၌ ငြိမ်းအေးစေခြင်းလက္ခဏာရှိသော မဂ္ဂသစ္စာကို မြင်မှသာလျှင်၊ သန္တာပဓ္ဓော သန္တာပဋ္ဌမီးတွေ ငြိမ်း၏ကွတဲ့၊ မဂ်ပေါ် မှ ငြိမ်းတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့)။

ဘယ်လိုမှ ငြိမ်းပါလိမ့် . . . (မဂ်ပေါ်မှငြိမ်းမှာပါဘုရား)။ ဩော်- ဒါဖြင့် ဒကာ ဒကာမတို့ ဒီကိစ္စ မငြိမ်းမငြိမ်းဖြစ်ရင် ငြိမ်းတဲ့ မဂ်လာရင် သူငြိမ်းမှာပဲ . . . (မှန်ပါ့)၊ သဘောကျပလား (သဘောကျပါတယ်ဘုရား)။

ပူလောင်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စရှိတယ်ဆိုတာကို ခင်ဗျားတို့ သိပြီမို့လား . . . (သိပါပြီဘုရား)။

## မြင်အောင်သာရှု

အဲတော့ မြင်အောင်သာရှု ဘယ့်နှယ်ကြောင့် ပျောက်သွားပါလိမ့်၊ ဘယ့်နှယ်ကြောင့် သူတော်ကောင်း ရတနာတွေ ပျောက်သွားပါလိမ့်မတုံး၊ ဘယ့်နှယ်ကြောင့် သူတော်ကောင်း ရတနာတွေ ပျောက်သွားပါလိမ့်မတုံး၊ ဘယ့်နှယ်ကြောင့် အင်းအဖြစ်အပျက်တွေ မမြင်ပါလိမ့်မလဲ ဆိုလို့ရှိရင် သူနှိပ်စက်လို့ မမြင်တာပဲ (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

နှိပ်စက်ပြီးသကာလ ပျောက်ပျက်မသွားဘူးလား . . . (ပျောက်ပျက်သွားပါတယ်ဘုရား)၊ အဲပျောက်ပျက်သွားတာလေးပဲ၊ အဲ ပျောက်ပျက်သွားတဲ့ပစ္စည်းဖြင့် ကျုပ်တို့က လိုချင်သေးသလား. . . (မလိုချင်ပါဘူးဘုရား)။

မလိုချင်လို့ရှိရင်ဖြင့် ပျောက်ပျက်သွားတာက သူ့ကိစ္စ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နှိပ်စက်ခံရခြင်းကိစ္စ . . . (မှန်ပါ့) မလိုချင်တာက မဂ်ကိစ္စ . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မင်္ဂကိစ္စလည်းပေါ်လာရော ဟိုဟာမလိုချင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ တဏှာ နိရောဓော မဖြစ်ဘူးလား . . . (ဖြစ်ပါ တယ်ဘုရား)၊ **တဏှာနိရောဓော နိဗ္ဗာန်ပေါ့ . . .** (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

တဏှာနိရောဓော တဏှာက မလိုချင်ဘူး၊ နိဗ္ဗာန် - နိဗ္ဗာန်သည်ဆိုတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး နှိပ်စက်တာ မြင်လို့ နှိပ်စက်ခံနေရတာမြင်လို့ မလိုချင်ရင်ဖြင့် ဒါ မလိုချင် တာ မင်္ဂပဲ (မှန်ပါ့)။

မင်္ဂပေါ်ရင် ခင်ဗျားတို့က နိဗ္ဗာန်ရရပါလို၏လို့ မဆိုနဲ့ **နိဗ္ဗာန်က**၊ မင်္ဂက ဒါကို အာရုံပြုတော့ကို ဒီမင်္ဂပေါ်သည်နဲ့တစ်ပြိုင် နက်တည်း နိဗ္ဗာန်ကို သွားပြီး အာရုံပြုတော့တယ် . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

## ဒုက္ခသစ္စာပိုင်းခြားသိမှ နိဗ္ဗာန်အာရုံပြုနိုင်တာ

မင်္ဂက ဘယ်အာရုံပြုတုံး . . . (နိဗ္ဗာန်ကို အာရုံပြုပါ တယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သို့သော် သူဟာ အလိုလိုပြုနိုင်သလားဆိုတော့၊ နှိပ်စက် တဲ့ကိစ္စကို သေသေချာချာ နှိပ်စက်ခြင်းကိစ္စကိုး ဆုံးဖြတ်ချက် ချပြီးမှသာလျှင်၊ ဒုက္ခသစ္စာပဲဆိုပြီး ပိုင်းခြားသိမှသာလျှင် ဟိုဘက်ကို အာရုံပြုနိုင်တာ။

သူ့ကို မပိုင်းခြားသေးလို့ရှိရင်လည်း နိဗ္ဗာန်ကို မမြင်သေးဘူး . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

ဒါဖြင့် သူလည်း တစ်နံပါတ်ပေါ့ဗျာ၊ နှိပ်စက်တဲ့ကိစ္စသိဖို့က တစ်နံပါတ်. . . (မှန်ပါ့) နိဗ္ဗာန်မြင်ဖို့ရာ နှစ်နံပါတ် (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့) နှိပ်စက်တဲ့ကိစ္စသိဖို့ရာက (တစ်နံပါတ်)။

အင်းနှိပ်စက်တဲ့ကိစ္စဟာ ကောန် ဒုက္ခသစ္စာပဲမို့ အရှုခံရတာပဲလို့ ဆုံးဖြတ်ချက်လည်းချပါရောတဲ့၊ ကိလေသာက သူနဲ့ ပတ်သက်တဲ့ ကိလေသာက ချုပ်ခြင်းကြောင့် နိဗ္ဗာန်က ပေါ်လာတယ် . . . မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

## မဂ်သည်နိဗ္ဗာန်ကိုမြင်တယ်

ပေါ်လာတဲ့အခါကျတော့ အဲဒီအချိန်ကျတော့ မဂ်သည် နိဗ္ဗာန်ကိုမြင်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့) မဂ်သည် နိဗ္ဗာန်ကို သူမြင်ရတယ် ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

ဘယ်ကိစ္စပြီးမှ မြင်ပါလိမ့်၊ (နှိပ်စက်ခြင်းကိစ္စပါဘုရား)၊ နှိပ်စက်ခြင်းကိစ္စကို ကောန်ဒုက္ခပဲလို့ ဆုံးဖြတ်ချက်ချပြီးမှ နိဗ္ဗာန်ကိုမြင်မယ် . . . (မှန်ပါ့)။

ဒါဖြင့် ဒုက္ခ၊ ဒုက္ခကို ပိုင်းခြားတာနဲ့ မြင်တဲ့အချိန်နဲ့ ဟာလဲအချိန်က၊ တစ်ချိန်တည်းပါပဲလို့ သေသေချာချာ မှတ်ပါနော် . . . (မှန်ပါ့)။

## ဒုက္ခပိုင်းခြားတာနဲ့ မြင်တာနဲ့ တစ်ချိန်တည်း

သို့သော်လည်း သူ့ပိုင်းခြားမှုက ကိစ္စညဏ်က ရှေးဦးစွာ အပြောမှာ ရှေးဦးစွာ ပြောရမယ် . . . (တင်ပါ့) တကယ်တမ်း လက်တွေ့ရှုစ်ပါး ပြည့်လာတဲ့အခါ သူ့ပိုင်းခြားတာနဲ့ မြင်တာနဲ့ တစ်ချိန်တည်း ရိပ်မိပလား . . . (မှန်ပါ့)။

လောကီဥပမာ ပြောကြပါစို့ ဆိုတော့၊ ဒကာ ဒကာမတို့ မီးထွန်းတာနဲ့ အမှောင်ပျောက်တာ ဘယ်သူရှေ့ ဘယ်သူ နောက်တုံးဆို ဘယ့်နှယ်ဖြေကြမတုံး . . . (အတူတူပါဘုရား) အဲဒီအတိုင်းနေမှာပဲ။

## မဂ္ဂင်ရှစ်ပါးပြည့်ရင် နိဗ္ဗာန်မြင်တယ်

ဒုက္ခပိုင်းခြားတဲ့အချိန်နဲ့ နိဗ္ဗာန်ပေါ်တဲ့အချိန်နဲ့ တစ်ပြိုင်တည်းနော် . . . (မှန်ပါ့) တဏှာသေတဲ့ အချိန်နဲ့ ဒကာ ဒကာမတို့ မဂ္ဂသစ္စာရှစ်ပါးပြည်တဲ့အချိန်နဲ့လည်း . . . (တစ်ကြိမ်တည်းပါဘုရား) တစ်ကြိမ်တည်းပဲလို့ ဆုံးဖြတ်ချက်ချပါ သဘောကျပလား . . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ပူလောင်စေခြင်း၊ နှိပ်စက်ခြင်း ကိစ္စဟာ ခင်ဗျားတို့ ခန္ဓာ့ကိစ္စ . . . (မှန်ပါ့) ပူလောင်စေခြင်း နှိပ်စက်ခြင်း ခံရတဲ့ကိစ္စဟာ ဘယ်သူ့ ကိစ္စပါလိမ့် . . . (ခန္ဓာ့ကိစ္စပါဘုရား)။

အဲဒါ ဒီခန္ဓာ့ကိစ္စဟာ ဒကာဒကာမတို့ အင်မတန် သိဖို့ အရေးကြီးတာ အင်မတန်သိဖို့ အရေးမကြီးဘူးလား . . . (ကြီးပါတယ် ဘုရား)။

ခန္ဓာ့ကိစ္စဟာ ခင်ဗျားတို့ မသိလို့ ခန္ဓာဆုတောင်းကြတာ (မှန်ပါ့) ခန္ဓာ့ကိစ္စ သိလာရင် ဒကာ ဒကာမတွေ ဘယ့်နှယ် ဆိုကြမလဲ . . . (ခန္ဓာဆုမတောင်းပါဘူးဘုရား) ခန္ဓာဆု မတောင်းဘူး . . . (မှန်ပါ့)။

ခန္ဓာဆုမတောင်းလို့ရှိရင်ဖြင့် ထင်းမဖြစ်ရဘူး ဒကာ ဒကာမတို့၊ ထင်းမဖြစ်လို့ရှိရင်ဖြင့် ဘယ်ပုဂ္ဂိုလ်၏ မီးစမှုကော ဖြစ်စရာ လိုသေးသလား . . . (မလိုပါဘူးဘုရား) သဘောကျ ပလား . . . (သဘောကျပါတယ်ဘုရား)။

## ကိစ္စညာဏ်မသိလို့ ထင်းဆုတောင်းတယ်

ဒါဖြင့် ဒကာ ဒကာမတို့ နှိပ်စက်တဲ့ကိစ္စသိတဲ့ပုဂ္ဂိုလ်သည် ထင်းဆုမတောင်းဘူးတဲ့ . . . (မှန်ပါ့)၊ တောင်းပါ့မလား၊ (မတောင်းပါဘူးဘုရား)၊ ဦးခင်မောင် . . . (မတောင်းပါဘူး ဘုရား)။

နှိပ်စက်တဲ့ကိစ္စ၊ နှိပ်စက်ခံရတဲ့ကိစ္စကို မသိတဲ့ပုဂ္ဂိုလ် တိုင်းဘာတောင်းတယ်ထင်တုံး . . (ထင်းဆုတောင်းပါတယ်ဘုရား) ဩော်-ဒကာ ဒကာမတို့သည် လူဆုတောင်းတာလား၊ ထင်းဆုတောင်းတာလား (ထင်းဆုတောင်းတာပါဘုရား)။ နတ်ဆုတောင်းတာလား၊ ထင်းဆုတောင်းတာလား . . . (ထင်းဆုတောင်းတာပါဘုရား)၊ ဗြဟ္မာဆုတောင်းတာလား၊ ထင်းဆုတောင်းတာလား . . . (ထင်းဆုတောင်းတာပါဘုရား)။

အဲ့ဒါ ကိစ္စဉာဏ်မရသ၍ ကာလပတ်လုံး ထင်းဆုချည့်တောင်းနေတာပဲ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။ ကိစ္စဉာဏ်မရသ၍ ကာလပတ်လုံး . . . (ထင်းဆုချည့် တောင်းပါတယ်ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ထင်းဆုတောင်းတာလောက် အရုပ်ဆိုးတာကော . . . (မရှိပါဘူးဘုရား)၊ တောင်းကောင်းတဲ့ဆုလား၊ မတောင်းကောင်းတဲ့ဆုလား . . . (မတောင်းကောင်းတဲ့ဆုပါဘုရား)။

## တဏှာခိုင်းတာလုပ်တယ်

တောင်းတာ ဘယ်သူတုံး လက်သည်ရှာစမ်း . . . တဏှာ. . . (မှန်ပါ့)၊ သူက ခိုင်းတာလုပ်ကတည်းက ခင်ဗျားတို့အမှားတော်ပုံအကြီးစားပေါ့. . . (မှန်ပါ့)။

တဏှာခိုင်းတာ လုပ်သလား ကိုမြရွှေ လုပ်သလား. . (မှန်ပါ့) မမှားဘူးလား မှားလား . . . (မှားပါတယ်ဘုရား)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

တဏှာခိုင်းတာ ဘယ်အလုပ် အလုပ်ကောင်းလေ့ရှိသတုံး (မရှိပါဘူးဘုရား)၊ ဘယ်အလုပ်မှ ကောင်းကျိုးမပြုဘူး။

သို့သော် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဩဘ်-စိတ္တာနုပဿနာကလည်း နားမလည်တော့၊ ဒါ တဏှာက တောင်းခိုင်းတာ၊ ဒါ ဉာဏ်က အတောင်းခိုင်းတာလို့ ခင်ဗျားတို့က မခွဲနိုင်ဘူး၊ ခွဲနိုင်သေးရဲ့လား . . . (မခွဲနိုင်ပါဘူးဘုရား)။

မခွဲနိုင်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အကြပ်တွေ့တာပေါ့ . . . (မှန်လှပါ)၊ တဏှာချည့်ပဲ တပြင်တည်းတစ်ခုလုံးမှာ အခုရှိတုန်း တဏှာကပဲ ဆရာလုပ်သွားတာနဲ့ပဲ ခု- မီးဘက်ပူးသွားရော . . . (မှန်ပါ့)။

## တဏှာကဆရာလုပ်သွားတယ်

ဘယ်သူက ဆရာလုပ်သွားတုံး . . . (တဏှာက ဆရာ လုပ်သွားပါတယ်ဘုရား)၊ တဏှာက ဟိုလူထည့်ဦးကွာ၊ ဟိုဟာ ထည့်ဦးကွာ၊ဒါမှကောင်းမှာပေါ့၊ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်တော့မပေါ့။

ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ကွဲ၊ နို့သူက တစ်ခုလုံး သူခေါင်းဆောင်သွားတာပဲ၊ သွားပါရော . . . (မှန်လှပါ) နော် . . . (မှန်ပါ့)။

နောက်ဆုံးပိတ် မျက်ရည်ကျပါဆိုတာတောင်မှ သူက ဗိုလ်လုပ်သေး ဟုတ်ဖူးလား . . . (မှန်ပါ့)၊ ကွာ နောက်ဘဝ နှစ်ထပ်အကျိုးပေးအောင်လို့ဆိုပြီး သူက ဗိုလ်လုပ်ချင် လုပ်ပစ်တာ . . . (မှန်ပါ့)။

ဘယ်လောက်များ ဆိုးတယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)၊ အေး ရောက်ရာပေါက်ရာ သူကပဲ ရှုပ်ပစ်လိုက်တယ်တဲ့ သဘောကျပလား . . . (မှန်ပါ့)။

ရောက်ရာပေါက်ရာ ဘာလုပ်တုံး . . . (ရှုပ်ပစ်ပါတယ်ဘုရား)၊ သူကပဲ ရှုပ်ပစ်လိုက်တယ်တဲ့ ထင်းဖြစ်အောင်လည်း သူပဲ ခိုင်းတယ်. . . (မှန်ပါ) သဘောကျပလား . . . (မှန်ပါ့)။

## ထင်းဖြစ်အောင်လည်းသူလုပ်တယ်

ထင်းဖြစ်အောင်လည်း သူလုပ်လို့ ထင်းဖြစ်ရတာ၊ မီးပြာ ကျအောင်လည်း . . . (သူပဲခိုင်းတာပါဘုရား)။

အံမလေး . . . ဒီလောက်ယုတ်မာတဲ့လူ၊ ခင်ဗျားတို့ မိတ်ဆွေဖွဲ့ထားလို့ ငါးပါးမှောက်နေကြတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့)။

ဒီလောက်ဆိုးဝါးတဲ့လူ တွေ့ဖူးကြရဲ့လား . . . (မတွေ့ဖူးပါဘူးဘုရား)၊ ထင်းဆုတောင်းခိုင်းတာလဲသူပဲ၊ ဟိုကျတော့ လောင်မြိုက်ချလိုက်တာကော . . . (သူပါဘုရား)။

ကဲ ဒီလူနဲ့ ပေါင်းသင့် ပေါင်းထိုက်ပါရဲ့လားလို့ ဘုန်းကြီးကပဲမေးတယ် . . . (မပေါင်းထိုက်ပါဘူးဘုရား) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

အဲ-ဒီဥစ္စာ ခင်ဗျားတို့က မပေါင်းထိုက်ဘူးလို့သာ ဆိုတာ၊ ခု ဆရာဘုန်းကြီး ပြောတုန်းသာ ခင်ဗျားတို့က ဉာဏ်လေးက ထက်နေလို့ ဒီလောဘလေးရှိလို့ စားနေရတာ ပြောတာ . . . (မှန်ပါ့)။

## လောဘရှိလို့စားနေရတာ

မပြောဘူးလား . . . (ပြောပါတယ်) ဘယ့်နှယ်များ ပြောကြတုံး . . . (လောဘရှိလို့ စားနေရတာပါဘုရား)၊ လောဘရှိလို့စားနေရတာတဲ့၊ နို့မဟုတ်လို့ရှိရင်ဖြင့် ငတ်သေတာ ကြာလှပြီ။

အံမာလေး - သူ့ပဲ ဘုရားတစ်ဆူ ဂူတစ်လုံး၊ အိမ်ရောက် ပြီဆိုမှဖြင့် မဖြစ်ဘူးလား၊ ဖြစ်သလား . . . (ဖြစ်ပါတယ်ဘုရား)။

လောဘကလေးတဲ့၊ အငယ်အလုံးတောင် သုံးလိုက် သေးတယ်၊ အဲဒါ ယဉ်ယဉ်သုံးထားတာ၊ ကြမ်းတာကိုများသုံးရဲ့ လား . . . (မသုံးပါဘူးဘုရား)။

ဒီလောဘလေးရှိလို့ တော် တော်လိုက်သေးတယ်ဆိုတဲ့ အံ့မယ် . . . သူ့ပဲအမွန်းတင်လိုက်သေးတယ်ဆိုတာ ရောက် မရောက် (ရောက်ပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့ တဏှာအကြောင်း ကောင်းကောင်း မသိသေးဘူးဆိုတာ ဘုရားဟောတော်မူတာ သဘောကျပလား (ကျပါတယ်ဘုရား)။

တဏှာကို ထိုးထွင်း၍ နှိပ်စက်တတ်တယ်လို့သိသော ပုဂ္ဂိုလ်သည် ကြောင့်ကြခြင်းမရှိသော နိဗ္ဗာန်ကိုရောက်နိုင်တယ်။

## တဏှာအကြောင်းသိရင်နိဗ္ဗာန်ရောက်တယ်

သူ့အကြောင်းကို ကောင်းကောင်းသိလိုက်ရင် နိဗ္ဗာန်ကို ရောက်သွားတယ် (မှန်လှပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား) သူ့အကြောင်း ကောင်းကောင်းသိရင် . . . (နိဗ္ဗာန်ရောက်ပါ တယ်ဘုရား)။

နိဗ္ဗာန်ရောက်တယ်၊ ကြောင့်ကြခြင်းမရှိတဲ့ နိဗ္ဗာန်ရတယ် ကွတဲ့၊ ခုတော့ ဒကာ ဒကာမတွေက ရိပ်မိပါရဲ့လား၊ တဏှာ အကြောင်းကို . . . (မရိပ်မိပါဘူးဘုရား)။

မရိပ်မိသေးဘူး၊ တော်တော်ခက်နေပါလား သူကပိရိတယ်၊ လိမ်ပုံက . . . ဟုတ်ဖူးလား၊ လိမ်ပုံက မပိရိဘူးလား (ပိရိပါတယ်ဘုရား)။

ဒေါ်ရွှေတို့ . . . (သိပါတယ်ဘုရား) ဘယ်လိုများ ပိတုံးအို - အရွယ်ရှိတုန်းတော့ ငယ်တုန်း ဥစ္စာပေါ့၊ တော်တော်လေးအိုခြင်းဆိုးဖြစ်လာတော့မှ ပညာမလုပ်နိုင်တဲ့အချိန် ပညာပေးသတဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ငယ်တုန်းအားထုတ်မှပညာရမယ်

မလုပ်နိုင်တဲ့အချိန် ပညာတဲ့၊ ဟော့ - အားထုတ်စမ်းပါ၊ ငယ်တုန်းက ဉာဏ်ထက်ထက်နဲ့လုပ်မှ ပညာရမှာမဟုတ်လား. . (မှန်ပါ့)။

မဟုတ်ဘူး သူက ဟောထားတဲ့ တရားက ဘာတဲ့တုံး (အိုမှပါဘုရား)၊ အိုတဲ့အချိန်မှနော်။

အင်း. . အရွယ်လတ်တုန်းကတော့ ဥစ္စာရှာဟဲ့၊ ကြီးတဲ့အခါကျမှ ပညာရှာဟဲ့၊ လောကုတ္တရာပညာရှာဟဲ့ဆိုတော့ မလုပ်နိုင်တဲ့အချိန် ပညာရှာလို့ သူက ဟောထားတယ်. . . (မှန်ပါ့)။

ဟောထားတဲ့အတိုင်း ခင်ဗျားတို့က ဟုတ်ပစ်လိုက်တာပဲ (မှန်ပါ့)၊ သူဟောတာ ဟုတ်တယ်၊ အရွယ်ရှိတုန်း . . . (စီးပွား

ရှာ)၊ မလုပ်နိုင်တဲ့အချိန်ကျမှ ပညာရှာ၊ မရိပ်မိဘူး၊ ခင်ဗျားတို့က . . . ရိပ်မိကြရဲ့လား . . . (မရိပ်မိပါဘူးဘုရား)။

အရွယ်ရှိတုန်းတော့ ဘာတုံး . . . (ဥစ္စာရှာပါဘုရား)၊ ဥစ္စာရှာတဲ့ငါ အိုကြီး အိုမဖြစ်မှ . . . (ပညာရှာပါဘုရား)၊ ရနိုင်စရာကောမြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

တို့ဖြင့် မရိပ်မိဘူး မင်းတို့အတော်လွန်တာနဲ့တွေ့တွေ့နေတာ ဟုတ်ဖူးလား . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ခုတော့ ပညာရှာတဲ့အချိန်ကျတော့ ဘုန်းကြီးက ပြောရတယ်၊ ကံကောင်း၊ ဉာဏ်ကောင်းတွေတော့ မင်းတို့ကွာ အရွယ်ကောင်းတုန်းက သုံးပစ်ခဲ့ပါပြီ။

## ကံမွဲဉာဏ်မွဲမှလာကြတယ်

ငါ့ဆီရောက်လာတော့ ကံမွဲဉာဏ်မွဲနဲ့ဆိုတော့ ငါလည်း ထည့်မပေးနိုင်ဘူး . . . သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုန်းကြီးဆီ ရောက်လာတော့ ဘယ်အခြေအနေရှိကြသတုံး. . . (ကံမွဲဉာဏ်မွဲပါဘုရား) ကံကောင်းဉာဏ်ကောင်းက ဘယ်သုံးပစ်ခဲ့တုံး (ငယ်ရွယ်တုန်းပါဘုရား)။

ကံကောင်းဉာဏ်ကောင်းတုန်းက ခင်ဗျားတို့သည်ကား လို့ဆိုလို့ရှိရင် အလွဲသုံးစားလုပ်ခဲ့ပြီ . . . (တင်ပ့ါ) မဟုတ်ဘူး လား . . . (ဟုတ်ပါတယ်ဘုရား)။

ကံမွဲ ဉာဏ်မွဲနဲ့မှ လာပြီးသကာလ တရားရှာကြတယ် ဆိုရင် ဘယ့်နှယ်တုံး . . . (မလွဲပါဘူးဘုရား) သဘောပါကြ ပလား. . . (ပါ ပါတယ်ဘုရား)။

ကိလေသာ ဟောထားတဲ့ ဒဏ်ချက် ခင်ဗျားတို့က မရိပ်မိလို့ ဒီအခြေအနေအတိုင်းဖြစ်နေတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## မာလုကျပုတ္တ

ကိုင်း-ဒါဖြင့် မာလုကျပုတ္တ၊ မင်းသည်ကားလို့ဆိုရင် အရွယ်ကောင်းတုန်းကလဲ ငါ့ဆီမလာဘူး၊ ခုမှ - မင်းကအရွယ် ကြီးမှ တရားတိုတိုဟောပြီး နိဗ္ဗာန်ရောက်ကြောင်း မင်းဟောပါ ဆိုတော့၊ မင်းအတော်ခက်တယ်လို့ ဘုရားက ညည်းပါတယ်။ မညည်းဘူးလား . . . (ညည်းပါတယ်ဘုရား)၊ သဘောကျပ လား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိလေသာမီး ဖြတ်ကြောင်း ကောပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## နတ်သား၊ နတ်သမီးတွေ သောတာပန်တည်တယ်

ခုနက နတ်သားနဲ့တကွ နတ်သမီးငါးရာသည် တစ်ခါတည်း သောတာပန်တည်ကြတယ်၊ ပူလောင်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စကို သူတို့ ကောင်းကောင်းသိသွားတယ် . . . (မှန်ပါ)။

မသိလဲ လောင်တော့မှာပဲ ဟုတ်ဘူးလား . . . (မှန်ပါ) တို့လည်း လောင်တော့မှာပဲ၊ ဟိုနတ်သမီးတွေလောင်လို့ ပြာတောင်မကျန်ရစ်ဘူး၊ ဒယ်အိုးသာ ရောက်သွားတယ် ဟုတ်လား။

တို့လည်း ခုနှစ်ရက်ရှိရင်လောင်မယ်ဆိုတဲ့ ကိစ္စက မသိဘူးလား . . . (သိပါတယ်ဘုရား) အဲဒါ သိတာနဲ့ပဲ ကိုင်းဒါဖြင့် ပူလောင်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စကို သူသိတာနဲ့ပဲ ဘုရားထံ ပြေးပါတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုရားထံ ပြေးသည်နဲ့ တစ်ပြိုင်နက်တည်း ဘုရားက မဂ္ဂင်မှုတစ်ပါး ကိုးစားရာ၊ အားထားရာမရှိဘူးကွ မဂ္ဂင်ကြိုးစားလို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

## ကိစ္စဉာဏ်တက်ပြီးကြည့်တယ်

ဟောလိုက်တဲ့ အခါကျတော့ သူ့ခန္ဓာကိုယ်ကြီးကို သစ္စဉာဏ်၊ ကိစ္စဉာဏ်တက်ပြီး နှိပ်စက်ခြင်းကိစ္စကြည့်လိုက်တာနဲ့ သောတာပန်ဖြစ်ပါတယ်။ အကုန်ဖြစ်တာ . . . (မှန်ပါ)။

ဟို ငါးရာကတော့ မတည်ငြိမ်သွားလို့ တားနိုင်သေးရဲ့လား . . . (မတားနိုင်ပါဘူးဘုရား)၊ ဒါဖြင့် ဒီ ဒကာ ဒကာမတွေလည်း တည်ငြိမ်သွားပလား မတည်ငြိမ်သေးဘူးလားဆိုတာ သတိထား . . . (မတည်ငြိမ်သေးပါဘူးဘုရား)၊ အချိန်ပိုင်း ကျန်သေးတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိုယ့်အခြေအနေကိုယ်ဆုံးဖြတ်ပါ

ဘာကျန်နေသေးတုံး . . . (အချိန်ပိုင်းကျန်ပါသေးတယ်ဘုရား)၊ အချိန်ပိုင်းမှာပဲ ကိုယ့်အခြေအနေကိုယ် ဆုံးဖြတ်ချက်ချနော်၊ လွတ်တယ်လို့ အောက်မေ့မနေနဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲတော့ ဒီအချိန်ပိုင်းလေးသာ နှိပ်စက်ခြင်းကိစ္စကို ခင်ဗျားတို့ မမြင် မြင်အောင်ကြည့်ရမယ် . . . (မှန်လှပါ) မကြည့်ရပေဘူးလား . . . (ကြည့်ရမှာပါဘုရား)။

အင်း - ဒီခန္ဓာကြီးဖြင့် ခဏ ခဏ အလောင်ခံနေရတယ်၊ ခဏခဏ အလောင်ခံနေရပါလား၊ ပေါ်တဲ့ခန္ဓာသာ ကြည့်ပေးပါ။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်၊ ဒီဥစ္စာက ကိလေသာမီး လောင်ချလိုက်လို့ ခုနက နတ်သမီးငါးရာဖြင့် လျှောသွားပြီ၊ ကျန်တဲ့ဥစ္စာကျတော့ မင်္ဂရေစင်ဖျန်းလိုက်တာနဲ့ပဲ ဒကာ ဒကာမတို့

ကိလေသာတွေက ချုပ်ငြိမ်းမသွားဘူးလား . . . (ချုပ်ငြိမ်းသွားပါတယ်ဘုရား)။

## အပါယ်လေးပါးကလွတ်သွားတယ်

ချုပ်ငြိမ်းသွားတဲ့အတွက် သူတို့မှာ ကိစ္စပြီးမသွားဘူးလား (ပြီးသွားပါတယ်)၊ **"စတူပါယေဟိစ ဝိပ္ပမုတ္တော"** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အပါယ်လေးပါးမှ လွတ်သွားတယ် . . . (မှန်ပါ့)။

ကောင်းပြီတဲ့ ရှိပါစေတော့တဲ့၊ နှိပ်စက်ခြင်းကိစ္စက ဒကာဒကာမတွေ သန္တာန်မှာ နှစ်ကိစ္စရှိတယ်လို့၊ ဒကာ ဒကာမတွေ ဒုက္ခမီးကလည်း နှိပ်စက်သေးတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒုက္ခမီးကနှိပ်စက်လိုက်တဲ့အခါကျလို့ရှိရင်၊ လုပ်ရကိုင်ရတာက မောပမ်းဟုတ်လား၊ ကိုယ်၏ဆင်းရဲခြင်း ကလေးက မများဘူးလား၊ ညောင်းညာကိုက်ခဲတာတွေက တစ်ထိုင်တည်းမှာ ရောက်လာနေတယ်၊ ဟုတ်လား၊ ရောက်ရောက်လာတဲ့အခါ သားလင်ချစ်ဖို့ရာပြင်ဆင်နေရတာနဲ့၊ ကာယိက ဒုက္ခမီးတွေက လည်း ထ,ထပြီမလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား)။

လောင်လိုက်တဲ့အခါကျလို့ရှိရင် ဒီ ကာယိက ဒုက္ခမီး လောင်လိုက်တာပဲ ဒကာ ဒကာမတို့ ခန္ဓာကိုယ်မှာလည်း မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

## ကာယိကဒုက္ခမီး

ခုနက သူတော်ကောင်း ရတနာတွေလည်း မပျောက်လား . . . (ပျောက်ပါတယ်ဘုရား) ကာယိက ဒုက္ခမီး လောင်တဲ့အခါကျတော့လေ . . . (မှန်ပါ့)။

မယုံလို့ရှိရင် ခင်ဗျားတို့ တစ်လလောက် လူမမာလုပ်ကြည့် နဂို ကျက်ထားတဲ့စာ အကုန်ပျောက်စေရမယ် ပျောက်ဖူးလား . . . (ပျောက်ပါတယ်ဘုရား)။

ဒါ ဒုက္ခမီး လောင်ချလိုက်တယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကျူပ် မမာလည်း မမာဘူး၊ ဘယ့်နှယ် ဖြစ်သွားတယ် မသိဘူး၊ အကုန်ပျောက်ကုန်ပြီ၊ တချို့မီးလောင်မသွားဘူးလား၊ (သွားပါတယ်ဘုရား) အဲဒါ ဘာမီးလောင်ချလိုက်တာတုံး . . . (ဒုက္ခမီး လောင်တာပါဘုရား)။

ဒုက္ခမီး လောင်တာ ကာယိက ဒုက္ခမီးနော်၊ စေတသိက ဒုက္ခမီးနော် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘာတွေ လောင်ပစ်လိုက်တာပါလိမ့် . . . (ကာယိက ဒုက္ခမီး စေတသိက ဒုက္ခမီး) ကာယိက ဒုက္ခမီး စေတသိက ဒုက္ခမီးနဲ့ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ရုပ်နာမ်တွေလည်း လောင်တယ် (မှန်ပါ့)။

## ကာယိကဒုက္ခ စေတသိကဒုက္ခ

သူတော်ကောင်း မှတ်သားထားတဲ့ တရား ရတနာတွေကော (လောင်ပါတယ်ဘုရား) ဩော် ဒါကလဲ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခ ဒဏ်ချက်ကလည်း မသေးပါလား ဆိုတာ ပေါ်လာပါတယ် . . . (မှန်ပါ့) မပေါ်လာဘူးလား . . (ပေါ်လာပါတယ်ဘုရား)။

ကာယိက ဒုက္ခ၊ ကိုယ်ပေါ်မှာ နာမှု၊ ကျင်မှု၊ ကိုက်မှုက ကာယိက ဒုက္ခပဲ၊ စိတ်ထဲမှာ ဆင်းရဲနေတာ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် စိတ်ဆင်းရဲနေတာက စေတသိက ဒုက္ခ ခေါ်တယ် (မှန်ပါ့)။

အဲဒီ မီးနှစ်ခု ညှပ် လောင်လိုက်မယ် ဆိုလို့ရှိရင်တော့ ဒကာ ဒကာမတွေ သူတော်ကောင်း ရတနာလည်း ခန္ဓာကြီးက ပြောင်တာပဲ . . . (မှန်ပါ့) မပြောင်ဘူးလား . . . (ပြောင်ပါတယ်ဘုရား)။

ပျိုရေးတွေ ပျောက်ပြီး၊ ဘယ့်နှယ်လဲ အိုရေးတွေပဲ၊ ကျန်တော့တယ် မကျန်ဘူးလား . . . (ကျန်ပါတယ်ဘုရား) ဒါ ဘာမီးလောင်လိုက်ပါလိမ့် . . (ကာယိက ဒုက္ခမီး စေတသိက ဒုက္ခမီး)။

ဩော် . . . ကာယိက ဒုက္ခမီး စေတသိက ဒုက္ခမီး အဲဒါတွေ လောင်လို့ နှိပ်စက်ခြင်းရှိလို့ပဲ ဩော် ဒီခန္ဓာရှိလို့

ကိလေသာ မီးနဲ့ တိုက်လိုက်ပြန်လည်း လောင်စာ၊ ကာယိက ဒုက္ခမီး စေတသိက ဒုက္ခမီးနဲ့ တွေ့လိုက်ပြန်တော့ . . . (လောင်စာပါဘုရား)။

## နှိပ်စက်ခြင်းကိစ္စရှိတယ်

ဩော် . . . တို့ဟာ လောင်စာရှိတယ်၊ ဒီခန္ဓာကြီးဟာ ဘာခန္ဓာပါလိမ့်မတုံးဆိုပြီး သကာလ၊ နှိပ်စက်ခံခြင်း ကိစ္စမှ တစ်ပါး သူ့ ဘာမှ မရှိဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီးမှာ ဘာကိစ္စရှိတုံး . . . (နှိပ်စက်ခြင်းကိစ္စ ရှိပါတယ် ဘုရား) နှိပ်စက် ခံရခြင်းကိစ္စရှိပါတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ အားလုံးပဲ ဘာကိစ္စရှိတုံး (နှိပ်စက် ခံရခြင်းကိစ္စ ရှိပါတယ်ဘုရား)။

## ဘယ်သူမှ မလွတ်ဘူး

ဩော် . . . ဘယ်သူ ကံကောင်းလို့ လွတ်ပါ့မတုံး . . (ဘယ်သူမှ မလွတ်ပါဘူးဘုရား) ဘယ်သူမှ မလွတ်ဘူး . . . သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ကာယိက ဒုက္ခမီး ဆိုတော့ ကိုယ်ထဲက ဖြစ်လာတဲ့ အနာဗျ၊ သွေးစုအနာဟာ ခင်ဗျားတို့ ဘယ်က ဘယ်သူ လာပေးတဲ့ အနာလို့ ဆိုကြမတုံး . . . (ကိုယ်ထဲက ဖြစ်လာ တာပါဘုရား)။

သွေးစုနာလို့ ပြောနေကတည်းက ရှင်းရော့ပေါ့၊ အပူ သွေးတွေရှိလို့ စုပြီး ဖြစ်တဲ့အနာ ရိပ်မိသေးဘူးလား . . . (မရိပ် မိသေးပါဘူးဘုရား) ကဲ ဒါဖြင့် ရှိပါစေတော့။

သွေးစုနာသည်ကားလို့ ဆိုရင် ဒကာ ဒကာမတို့ ဘယ်သူ ပေးတာတုံးမေးရင် ဘယ့်နှယ်ပြောကြမတုံး . . . (ကိုယ်ထဲက ဖြစ်တာပါဘုရား)။

အဲ ကာယိက ဒုက္ခမီး သူက ထတောက်တာ စေတသိက ဒုက္ခမီးလဲ ဒကာ ဒကာမတွေ ဝမ်းထဲမှာ လောင်လိုက်တဲ့ဖြစ် ခြင်း ထိုင်လို့မရ၊ ထလို့မရ မရှိကြဘူးလား . . . (ရှိပါတယ် ဘုရား)။

## ဝမ်းထဲမှာ ဒုက္ခမီးလောင်လို့

အိပ်လို့ မပျော်နော် ဒကာ ဒကာမတို့ ထိုင်လို့မရ၊ ထလို့မရ အိပ်လို့မပျော်တာ အတွင်းက ဝမ်းထဲမှာ စေတသိက ဒုက္ခမီး လောင်လို့၊ မလောင်ဘူးလား . . . (လောင်ပါတယ် ဘုရား)။

အဲဒီ လောင်တဲ့ဥစ္စာလဲ ဒကာ ဒကာမတို့ ဘယ်သူ့ လောင်သတုံးလို့ မေးလို့ရှိရင်ဖြင့် ထင်းထဲက ဖြစ်လာတဲ့ မီး၊ ဦးဘတင် ဘယ်သူ့ လောင်မှာတုံး . . . (ထင်းပဲ လောင်မှာပါ ဘုရား)။

ထင်းထဲက ဖြစ်လာတဲ့မီး ထင်းပဲ လောင်မယ်၊ ဒါဖြင့် ကာယိက ဒုက္ခကလည်း ကိုယ်ထဲက ဖြစ်လာတဲ့ ဒုက္ခမီးဟာ ကိုယ်လောင်၊ စေတသိက ဒုက္ခမီးက စိတ်လောင်၊ ကဲ ရှိတာက ကိုယ်ရယ် စိတ်ရယ် ဒီနှစ်ခုရှိတယ် . . . (မှန်ပါ့)။

## ကိုယ်ကိုလောင်တဲ့မီး

ကာယိက ဒုက္ခမီးက ကိုယ်လောင်၊ စေတသိက ဒုက္ခ မီးက (စိတ်လောင်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ရှိတဲ့နာမ်ရုပ်နှစ်ခု ဘယ်ဟာများ အကောင်းကျန်သေးသတုံး . . . (မကျန်ပါဘူး ဘုရား)။

ဒါဖြင့် ပူလောင်စေခြင်း၊ နှိပ်စက်ခြင်း ကိစ္စရှိတဲ့ ခန္ဓာ ဆိုတာ ငြင်းနေဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား) သဘောပါပလား . . . (ပါ ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ကိုယ်ဆိုတာတော့ ရုပ်ပေါ့ဗျာ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ကိုယ်ဆိုတာ ဘာတဲ့ . . . (ရုပ်ပါဘုရား)။

## စိတ်ကိုလောင်တဲ့မီး

အင်း . . . စိတ်ဆိုတာက . . . (နာမ်ပါဘုရား) ဒါပဲ ရှိတယ် ကိုယ်ကျတော့ ကာယိက ဒုက္ခမီးက လောင်တာ စိတ်ကျတော့ (စေတသိက ဒုက္ခမီးက လောင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှိတာနဲ့ ကိုယ်ရယ်၊ စိတ်ရယ် ဒီနှစ်ခုပဲ ရှိတယ်၊ ကိုယ်က ရုပ်၊ စိတ်က နာမ်၊ နာမ်ကို နာမ်မီးကလောင်တယ်၊ ရုပ်ကို ကာယိက ဒုက္ခမီးကလောင်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ခင်ဗျားတို့ လူ့ဘဝရလာတာ ဒကာ ဒကာမတို့ ဒုက္ခမီးနဲ့ ကြုံဖို့ ဖြစ်လာတာပဲလို့ဆိုလို့ရှိရင်ငြင်းနိုင်စရာ ရှိသေးလား . . . (မရှိပါဘူးဘုရား)။

ဒီလိုဉာဏ်တွေ ဒီကိစ္စဉာဏ်တွေ မသိတော့ လူဘဝကို အတော် တောင်းတယ်နော် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီလိုကိစ္စဉာဏ်မရတဲ့ပုဂ္ဂိုလ်က လူ့ဘဝတောင်းမှာပဲ (မှန်ပါ့) မတောင်းပေဘူးလား . . . (တောင်းမှာပါဘုရား)။

## အရေတွေတွန့်လာပြီ

တောင်းတဲ့အခါကျတော့ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ တဲ့၊ အရေတွေ တွန့်လိမ်လာလို့၊ သွားတွေ ကျဲကုန်လို့ ဆံတွေဖြူ

ကုန်တယ်ဆိုတာ ဒီကာယိကဒုက္ခဆိုတဲ့ မီးတွေက လောင်လွန်းလို့၊ စေတသိက ဒုက္ခမီးတွေက လောင်လွန်းလို့ . . .။

ဩော် . . . ဘယ့်နှယ်ဖြစ်နေတာတုံး၊ တစ်ယောက်တစ်ယောက်များခင်ဗျားတို့မေးရင် မတွေ့ရတာလဲကြာပါပြီ။ ခု အဖွားကြီးကို ဖြစ်နေပါပေါ့လား၊ အဖိုးကြီးကို ဖြစ်နေပါပေါ့ လား၊ အိုး မသိဘူးလား၊ သားလေးသေလို့၊ သမီးလေးသေလို့ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဒါ သူဘာစေတသိက်ပါလိမ့်၊ သူပြုခဲ့တဲ့ ဒုက္ခမီးကလည်း လောင်မယ်၊ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းက မပြတ်ဘူးမြင်တဲ့အတိုင်းပဲ သူ ဘာနဲ့ညည်းခံတုံး၊ မီးလောင်တာနဲ့ ညည်းခံနေတာပဲ။

ဘာနဲ့ ညည်းခံနေတာတုံး . . . (မီးလောင်တာနဲ့ ညည်းခံနေပါတယ်ဘုရား) ရိပ်မိပလား . . . (မှန်ပါ့)။

ဩော် - မီးလောင်တာနဲ့ ညည်းခံတော့ မေးတဲ့ ပုဂ္ဂိုလ်ဖြစ်မှဖြစ်ရလေ၊ ဩော် . . . ဘေးကလည်း . . . (မှန်ပါ)။

မေးတဲ့ပုဂ္ဂိုလ်ကလည်း ဟိုကမီးလောင်တာနဲ့ ညည်းခံတော့ သူက ဘယ်လိုများညည်းပြတုံး . . . (ဖြစ်မှဖြစ်ရလေပါဘုရား)။ ကျုပ်လည်းစိတ်မကောင်းဘူးဆိုတော့ ကျုပ်လည်း အလောင်ခံဦးမယ်ပြောတာပဲ . . . ရိပ်မိပလား . . . (မှန်ပါ့)။

ကျုပ်ကလည်း ဒီအတိုင်းကြီး အပြောင်ကိုက်နေလို့ ကောင်းပါ့မလား . . . (မကောင်းပါဘူးဘုရား)၊ ဘာမီးဖြစ်ဖြစ် အလောင်ခံရလိမ့်ဦးမယ်၊ ခင်ဗျားတို့ကလဲ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

တချို့ကလည်း တကယ်ရင်းလို့ရှိရင် တကယ့်မီးကို လောင်တာ . . . (မှန်ပါ့)။ မလောင်ပေဘူးလား (လောင်ပါတယ် ဘုရား)။

## လောင်စာနဲ့လောင်မယ်နဲ့

ကဲ ခင်ဗျားတို့က ဟိုက ဘာနဲ့ညှိခံတုံး . . . (လောင်စာနဲ့ ညှိခံပါတယ်) လောင်စာနဲ့ ညှိခံတယ်၊ ဒီက လောင်မယ်လို့ညှိခံတယ် . . . (မှန်ပါ့) ဟုတ်ဖူးလား. . . (မှန်ပါ့)။

ဟိုက ဘာနဲ့ညှိခံတုံး . . . (လောင်စာနဲ့ ညှိခံပါတယ်ဘုရား)၊ ဒီက ဘယ့်နှယ်တုံး. . . (လောင်မှာပါဘုရား)။

လောင်မယ်လို့ ဆိုပြီး သံကာလ သူနဲ့တွေ့မှကျုပ်ဖြင့် စိတ်ကို မကောင်းကိုဖြစ်သွားတာပဲ၊ မလာဘူးလားလာလား (လာပါတယ်ဘုရား)။

ဒါဖြင့် သူကလည်း လောင်စာနဲ့ ညှိခံတယ်၊ ဟိုက လောင်မယ်နဲ့ ညှိခံတယ်၊ သဘောကျပလား . . . (မှန်လှပါ)။ လူမှာ ဒါပဲရှိတယ်၊ ဒီပြင် ဘာရှိသေးသတုံး (မရှိပါဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

အကယ်၍ ကျန်းကျန်းမာမာတွေ့ပြန်တော့လည်း ဟိုပုဂ္ဂိုလ်ကလည်း ဝမ်းသာလိုက်တာ လာပြန်ပြီ၊ ဒီက ပုဂ္ဂိုလ်ကတော . . . (ဝမ်းသာတာပါဘုရား)။

## လောဘမီးနဲ့ဒေါသမီး

သူကျတော့လည်း လောင်စာနဲ့ညှိခံတာ၊ ကိလေသာဒါက လောဘမီးလောင်တာ၊ ဟိုက ဒေါသမီးနဲ့ညှိခံတာ၊ နောက် ဒီကပြုံးပြုံးရွှင်ရွှင်ဖြစ်သွားတာက . . . (လောဘမီး)။

ဟိုကလည်း လောဘမီးနဲ့ပဲ ညှိခံတယ်။ ဒီကတော့ (ဒေါသမီးနဲ့ညှိခံပါတယ်) ဒါကျတော့လည်း လောင်စာနှစ်နဲ့ညှိခံကြတယ် (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့)။

အဲတော့ ဒီခန္ဓာ ဘာကိစ္စရှိသတုံးသာ မေးကြပေတော့ (ပူလောင်စေခြင်း၊ နှိပ်စက်ခြင်း) ပူလောင်စေခြင်း၊ နှိပ်စက်ခံရခြင်းကိစ္စ ရှိတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (သဘောကျပါတယ်ဘုရား)။

အဲတော့ နေရာတိုင်းသာ သတိထားလိုက်ကြမယ်ဆိုဘုန်းကြီးတို့ ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ဟာ ဩော်- ကျဉ်တုန်းလည်း လောင်နေတယ်၊ ဟုတ်ဖူးလား . . . (မှန်ပါ့)။

နာတုန်းကော . . . (လောင်နေပါတယ်ဘုရား) ပျော်တုန်းကော . . . (လောင်နေပါတယ်ဘုရား) ဟိုနတ်သမီးတွေပျော်တုန်းလောင်တာ . . . (မှန်ပါ့)။

## ပျော်တုန်းပျင်းတုန်းလောင်နေတာ

အပေါ်က ငါးရာဟာ ဒကာ ဒကာမတွေ ပျင်းတုန်း လောင်တာလား၊ ပျော်တုန်းလောင်တာလား . . . (ပျော်တုန်း လောင်တာပါဘုရား)၊ ပျော်တုန်းလောင်ချလိုက်တာဗျ၊ ရိပ်မိ ပလား (ရိပ်မိပါတယ်ဘုရား) ရှင်းပြီနော်။

ကောင်းပြီ နောက် နတ်သမီးတွေကျတော့ကို အပျော်မီး လောင်တာမဟုတ်ဘူး၊ သူတို့မယ် စိတ်ပျက်ပြီးသကာလ ပျင်း မီးပေါ့ဗျာ . . . (မှန်ပါ့)။

စေတသိကဒုက္ခမီး၊ နောက်နတ်သမီးတွေတောင် မလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား) အင်းနောက် က နတ်သမီးတွေနဲ့ ခုနက သုဖြဟ္မာနတ်သားတို့ကျတော့ ဘုရားကသွားပြီး မဂ်လွတ်ပေးလိုက်လို့ မီးငြိမ်းသွားခဲ့တယ် ဆိုပါတော့ဗျာ (မှန်ပါ့)။

## ကိလေသာမီးလောင်လို့ပြုံးတာ

ဟို - လွန်သွားတာတွေ ကျွံသွားတာတွေကော တတ်နိုင် သေးရဲ့လား . . . (မတတ်နိုင်ပါဘူး) အဲတော့ ခင်ဗျားတို့ ပြုံး နေတာလည်း ဘုန်းကြီးတို့ ကိစ္စဉာဏ်နဲ့ ကြည့်လိုက်တော့ ကိလေသာမီး လောင်လို့ ပြုံးတာ. . . (မှန်ပါ့) မဲ့နေတာကော (ကိလေသာမီး လောင်တာပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာဖြင့် လောင်လက်စကို သတ်သေးရဲ့လား . . . (မသတ်ပါဘူးဘုရား) အဲဒါ နေရာတိုင်း သတိထားပေး ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လို သတိထားရမယ် (နေရာတိုင်းကို သတိထားပေးရမှာပါဘုရား) ရှင်းပြီနော်။

ပြုံးရင်ကော . . . (ပြုံးရင် ကိလေသာမီး လောင်တာပါဘုရား)။ ပြုံးနေလို့ရှိရင် ဒါ အင်း ကိလေသာမီး လောင်နေတာပဲ သောမနဿ ကိလေသာမီး လောင်နေတာပဲ။ လောဘမီး လောင်နေတာပဲ . . . (မှန်ပါ့)။

ဒီလိုအကြောင်းညီညွတ်နေလို့ မရှိကြဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒီရှိတာကျတော့လည်း ဘာမီးပါလိမ့်မတုံး . . . (လောဘမီးပါဘုရား)။

## မှိုင်တွေချတုန်းလောင်တာဒေါသမီး

အင်း -အကြောင်းအကျိုးမညီညွတ်တော့ မှိုင်တွေချနေတာကော . . . (ဒေါသမီးပါဘုရား)၊ ဒီပြင်မီးများရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဒီပြင်အချိန်ကျတော့ကို ဒကာ ဒကာမတို့ ဒီလောဘမီးနဲ့ ဒေါသမီး လောင်စရာမရှိတဲ့အခါကျတော့ ဇရာမီး၊ ဗျာဓိမီးက လောင်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သူတို့နှစ်ခုမလောင်တဲ့အခါကျတော့ ဘယ်သူက ဝင်လောင်တုံး . . . (ဇရာမီး၊ ဗျာဓိမီးကလောင်ပါတယ်ဘုရား)၊ ဇရာမီးနဲ့ ဗျာဓိမီးက သူတို့ဟာသူတို့ သီးသန့် လောင်နေတယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်အချိန် အန္တရာယ်ကင်းလို့ ဘေးရှင်းသတုံးမေးလိုက် (မရှင်းပါဘူးဘုရား)၊ ဒါဖြင့် ပူလောင်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စ ရှိ-မရှိ . . . (ရှိပါတယ်ဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ပြုံးနေတော့ဘာမီးလဲ

အံမာလေး ဒကာ ဒကာမတို့ ပြုံးနေတော့ ဘာမီးတဲ့ . . . (လောဘမီးပါဘုရား) မဲ့နေတာ . . . (ဒေါသမီးပါဘုရား)။

ဒီအတိုင်း နေပြန်တော့ . . . (ဇရာမီး၊ ဗျာဓိမီးပါ ဘုရား) ဇရာမီး၊ ဗျာဓိမီးလောင်တယ် . . . (မှန်ပါ့)။

ဘယ်အချိန်များ အန္တရာယ်ကင်း ဘေးရှင်းကြတုံး. . . (မရှင်းပါဘူးဘုရား)။ ဒီထဲကနေပြီးသကာလ ကတ်ကတ်သတ်သတ် ပျော်ပရစေဦးဆိုရင်တော့ မတတ်နိုင်တော့ဘူး၊ တတ်နိုင်စရာမြင်သေးသလား . . . (မမြင်ပါဘူးဘုရား)။

ကတ်သီးကတ်သတ်ပျော်တာကောမရှိဘူးလား. . . (ရှိပါတယ်ဘုရား) ပျော်တာက ဘယ်အချိန်ပျော်တာတုံးတို့ မေး

တဲ့အခါကျလို့ရှိရင် ကိလေသာမီးလောင်တဲ့အချိန်မှာ သူတို့က ပျော်တယ်ယူ . . သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိလေသာမီး လောင်တဲ့အချိန် . . . (ပျော်ပါတယ် ဘုရား)၊ ပျော်တဲ့အချိန်တဲ့၊ ဒါ လောဘကိလေသာမီး လောင်တဲ့ အချိန်နော် (မှန်ပါ့)။

ဒေါသကိလေသာမီး လောင်တဲ့အချိန်ကျတော့ . . . (မဲ့ပါတယ်) ပြုံးတဲ့မဲ့တဲ့အချိန် သဘောကျပလား၊ မဲ့တယ်၊ ပြုံး တယ် အတူတူပဲမကျဘူးလား . . . (ကျပါတယ်ဘုရား) ရှင်းပါပလား . . . (ရှင်းပါတယ်ဘုရား)။

## ဇရာမီး၊ ဗျာဓိမီး

ဒီအတိုင်းနေတဲ့အချိန်ကျတော့ကို ဇရာမီး၊ ဗျာဓိမီးတွေ ကကော မလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား)၊ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ အန္တရာယ်ကင်း ဘေးရှင်းတဲ့အချိန်များ ပြောကြစမ်းပါ . . . (မရှိပါဘူးဘုရား)။

အမြဲတမ်း လောင်နေတယ်၊ အဲဒီ နှိပ်စက်ခြင်းကိစ္စ မြင်နေလို့ရှိရင်ဖြင့်၊ ဩော်-လောင်ပြန်ပြီ၊ ဩော်-လောင်ပြန်ပြီ၊ ဩော်-ပြောင်ပြန်ပြီ၊ ဩော်-လောင်ပြန်ပြီ၊ ဩော်-ပြောင်ပြန်ပြီလို့ သာ ခန္ဓာကိုယ်ကြီးကို ဉာဏ်ထဲမှာ ကြည့်ပြီးသကာလနေလို့ရှိ ရင်ဖြင့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ခန္ဓာကိုယ်ကြီးမှာ ဒီကိစ္စ မှတစ်ပါး ဘာကိစ္စမှမရှိဘူး ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အလောင်းခံခြင်းကိစ္စသာရှိတယ်

အလောင်းခံခြင်းကိစ္စမှတစ်ပါး . . . (ဘာမှမရှိပါဘူး ဘုရား)၊ ဘာကိစ္စမှ မရှိဘူးလို့ မလာပေဘူးလား . . . (လာပါ တယ်ဘုရား)။

ကာယိက ဒုက္ခမီးကလည်း လောင်လိုက်၊ စေတသိက ဒုက္ခမီးကကော. . . (လောင်ပါတယ်ဘုရား)၊ တစ်ထောင့်ငါးရာ ကိလေသာမီးကကော . . . (လောင်ပါတယ်ဘုရား)။

လောင်လိုက်ဆိုတော့ ခင်ဗျားတို့က ဘယ်ဘက်ကချည့် နေရတာတုံး . . . အခံဘက်က (မှန်ပါ့)၊ ကိလေသာဘက်က (အလောင်ဘက်က) ခင်ဗျားတို့က . . . (အခံဘက်က)။

အဲ-ကိလေသာမီးလောင်တဲ့အချိန်ကျတော့ ဇရာ ဗျာဓိ ကတော့ လောင်လျက်ပဲ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိလေသာမီးကလည်း လောင်လျက်၊ ဇရာ၊ ဗျာဓိ ကကော (လောင်လျက်ပါဘုရား)။

## အိပ်နေတုန်းမီးလောင်ကင်းပါရဲ့လား

ကောင်းပြီ-ဒါဖြင့် ဒကာ ဒကာမတို့ အိပ်နေတဲ့အခါများ မီးလောင်ကင်းပါရဲ့လားလို့ မေးကြည့်စမ်း . . . (မကင်းပါဘူး ဘုရား)။ ဇရာမီး ဗျာဓိမီးက . . . (လောင်ပါတယ်ဘုရား)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နိုးလာတဲ့အခါ ကိလေသာမီးက ထတောက်တယ်၊ မနက်မိုးလင်းလာလို့ရှိရင် ဘယ်သွားရမတုံး၊ ဘယ်လာရမတုံး၊ ဘယ်သူ့ဆီရစရာရှိပါလိမ့်မတုံး၊ ဘယ်သူ့ပေးစရာရှိပါလိမ့်မတုံး၊ မနက်မိုးလင်းရင် ကိလေသာမီးက ထထောက်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## မိုးလင်းတော့ဘယ်မီးလောင်သတုံး

မနက်မိုးလင်းတော့ ဘယ်မီးထအလောင်ခံရတုံး. . . (ကိလေသာမီးက ထလောင်ပါတယ်ဘုရား)၊ အင်း နောက်ကျတော့ အလိုမကျဘဲနဲ့ ပြန်လာရတဲ့အခါ၊ လောဘမီးက လောင်ပြီ ဟုတ်လား၊ လုပ်တော့လုပ်ပါတယ် ဒီနေ့အကြောင်းမညီညွတ်ဘူး ဆို ဒေါသမီးက လောင်ပြန်တာပဲ . . . (မှန်ပါ့)။

မလောင်ပေဘူးလား . . . (လောင်ပါတယ်ဘုရား)၊ အင်း ဒါဖြင့် ဒေါသမီးလောင်၊ ဒီနေ့တော့ အိပ်တာကောင်းတယ် ဆိုတော့ ဇရာမီး ဗျာဓိမီးနဲ့ မအိပ်ဘူးလား . . . (အိပ်ပါတယ် ဘုရား)၊ လောင်ပြန်ပြီဆိုတော့ ပေါ်ပလား . . . (ပေါ်ပါပြီ ဘုရား)။

အဲဒီ ကိစ္စတွေ ဘုန်းကြီးပြောသလောက် စုံအောင် လိုက်နေရင် သေချာ ခင်ဗျားတို့ မင်္ဂဆိုက်တယ်. . . (မှန်ပါ့)၊ ဘယ်အချိန်များ မမြင်စရာကောရှိသေးရဲ့လား (မရှိပါဘူး ဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးမှာ ပူလောင်စေခြင်း၊နှိပ်စက်ခံရခြင်း ကိစ္စရှိတယ်ဆိုတာများ ငြင်းနေဖို့လိုသေးသလား . . . (မလိုပါ ဘူးဘုရား)။

## ကိစ္စဉာဏ်မြင်တာ

အဲ - မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး **စက္ခုံဥဒပါဒိ** ဆိုတော့ ဒါပဲ . . . (မှန်ပါ့)၊ ဒီကိစ္စဉာဏ်မြင်တာ (မှန်ပါ့)၊ သဘောကျပလား . . . (မှန်ပါ့)။

**စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ** ဆိုတဲ့ ဥစ္စာသည် ဒုက္ခသစ္စာကို ပူလောင်စေခြင်း၊ နှိပ်စက်ခြင်းကိစ္စဉာဏ်နဲ့ သွားမြင် တာကိုး ဗျ၊ မမြင်ပေဘူးလား . . . (မြင်ပါတယ်ဘုရား)။

မြင်လာတဲ့အခါကျတော့ သူ့ခန္ဓာကြီးကို သူသည် ဘယ်နည်းနဲ့သာယာစရာရှိမတုံး . . . (မရှိပါဘူးဘုရား)။

မရှိတဲ့အခါကျတော့ ခန္ဓာခင်တွယ်တဲ့ တဏှာပြုတ် သွားတော့၊ ခန္ဓာငါထင်နေတဲ့ ဒိဋ္ဌိကလည်း အတွဲလိုက်ပြုတ်သွား တယ် . . . (ပြုတ်ပါတယ်ဘုရား)၊ မပြုတ်ပေဘူးလား (ပြုတ်ပါ တယ်ဘုရား)။

## ကိစ္စသိတဲ့ဉာဏ်ကြောင့်ဒိဋ္ဌိပြုတ်

ဘယ့်နှယ်ကြောင့် ပြုတ်ပါတုံး . . အို ဉာဏ်သုံးဉာဏ်

ကြောင့်ပြုတ်သွားတာ. . (မှန်ပါ) ကိစ္စတွေ သိတဲ့ဉာဏ်ကြောင့် (ပြုတ်ပါတယ်ဘုရား)၊ ဘာလုပ်ကြတုံး (ပြုတ်ပါတယ်ဘုရား) ရှင်းပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

ဘာသိတဲ့ဉာဏ်ကြောင့်ပါလိမ့် . . . (ကိစ္စသိတဲ့ဉာဏ်ကြောင့်ပါဘုရား)၊ ကိစ္စသိတဲ့ဉာဏ်ကြောင့် ပြုတ်ပါတယ်ဆိုတာကော သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ကိစ္စမသိဘဲနဲ့ ဘုရားဖြစ်လာတယ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်လာတယ်ဆို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မယုံနဲ့ . . . (ရှင်းပါပြီဘုရား)။

## ကိစ္စဉာဏ်ရမှသောတာပန်ဖြစ်မယ်

ကိစ္စဉာဏ်မရဘဲနဲ့ ကျုပ်တော့ ဒုက္ခဉာဏ်လည်း မတက်တော့ဘူးဗျာ၊ အလိုလိုပဲ သောတာပန်ဖြစ်လာတယ်၊ ဆုတောင်းနဲ့ ဝေးပါသေးတယ်. . . (မှန်ပါ)။

ဘယ်နည်းနဲ့မှ မရဘူး၊ ဆုတောင်းနဲ့ . . . (မှန်ပါ) ဒီကိစ္စဉာဏ်မပါဘဲနဲ့ဖြင့် . . . (မရပါဘူးဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဘယ်ဉာဏ် အရေးကြီးတယ်ဆိုတာကော ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## သစ္စဉာဏ်ရမှကိစ္စဉာဏ်ရမယ်

သစ္စဉာဏ် မသိဘဲနဲ့တော့ ကိစ္စဉာဏ် မရဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သစ္စဉာဏ် မသိဘဲနဲ့ (ကိစ္စဉာဏ် မရပါဘူးဘုရား)။

ကိစ္စဉာဏ် မရဘဲနဲ့လဲ သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ် ဖြစ်ပြီဆိုတဲ့ ကတဉာဏ် ဘယ်နည်းနဲ့မှ မရနိုင်ဘူး . . . ရပ့်မလား (မရပါဘူးဘုရား) သဘောပါကြပလား. . . (ပါပါတယ် ဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်က စအရေးကြီးတုံး . . . (သစ္စဉာဏ် က စပြီး အရေးကြီးပါတယ်ဘုရား)။

## သစ္စဉာဏ်နဲ့မပြီးသေးဘူး

အဲ-သစ္စဉာဏ်နဲ့လည်းမပြီးသေးဘူးတဲ့ ဟုတ်လား၊ **ဒုက္ခသမုဒယန္တိ၊ ယထာဘူတဉာဏံ၊ သစ္စဉာဏံ နာမသံယုတ် ကထာက**။

ဩော်-ဒါ ဒုက္ခပဲ၊ ဒါ ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာပဲလို့ ဒီလောက် သိလို့ရှိရင် အို-ဒါယထာဘူတဉာဏ်ရှိသေးတာကွ၊ ဘုံဘဝကို စွန့်နိုင်တဲ့ဉာဏ်၊ ကိုယ့်ဘဝအကြောင်း ကိုယ်ကောင်း ကောင်း သိရုံရှိသေးတယ်၊ ကိုယ့်ဘဝ ရွံမုန်းပြီးတော့ မလိုချင်တဲ့ ဉာဏ်မလာသေးဘူးတဲ့ သစ္စဉာဏ်လောက်နဲ့ . . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ယထာဘူတဉာဏ်ပဲရတယ်

သစ္စဉာဏ်လောက်နဲ့တော့ ယထာဘူတဉာဏ်ပဲရတယ်၊ ကိစ္စဉာဏ်ဝင်လာလို့သာ နိဗ္ဗိန္ဒတွေ ဝင်လာတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကိစ္စဉာဏ်ဝင်လာလို့ရှိရင် နိဗ္ဗိန္ဒရော၊ မဂ်ရော ဝင်လာ လိမ့်မယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိစ္စဉာဏ်ကျမှပဲ နိဗ္ဗိန္ဒဉာဏ် ကူးနိုင်မယ်ဆိုတာကော ခင်ဗျားတို့ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အားထုတ်ရမှာက ဘယ်နှစ်ဉာဏ်ပါ လိမ့် . . . (နှစ်ဉာဏ်ပါဘုရား)၊ နှစ်ဉာဏ်။

သောတာပန်တည်ချင်လို့ရှိရင် ပထမ သစ္စဉာဏ်ရဖို့ အရေးကြီးတယ် . . . (မှန်ပါ့) နောက်ဘယ်ဉာဏ်ရဖို့ . . . (ကိစ္စဉာဏ်ရဖို့ပါဘုရား)။

## ကိစ္စဉာဏ်အဆုံးမှာကတဉာဏ်

ကိစ္စဉာဏ်ရလို့ရှိရင်ဖြင့် ကိစ္စဉာဏ်အဆုံးမှာ ကတဉာဏ် ဆိုတာရှိတယ်၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဘယ်ဉာဏ်အဆုံးမှာ . . . (ကိစ္စဉာဏ် အဆုံးမှာပါ ဘုရား)၊ ကိစ္စဉာဏ်ဆုံးမှ ကတဉာဏ်က ဖြစ်တာနော် . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့မှာ တစ်လည်း အရေးကြီးတယ်၊ နှစ်ကော . . . (အရေးကြီးပါတယ်ဘုရား)၊ ဒါဖြင့် တစ်နဲ့ နှစ်ဟာ အရေးကြီးတယ်၊ သုံးဟာ အရေးမကြီးဘူးမှတ် . . . (မှန်ပါ)။

တစ်က . . . သစ္စဉာဏ်၊ နှစ်က . . . (ကိစ္စဉာဏ်ပါ ဘုရား) သုံးက . . . (ကတဉာဏ်ပါဘုရား)။

## သစ္စဉာဏ်နဲ့ကိစ္စဉာဏ်အရေးကြီးတယ်

ကတဉာဏ်ဟာ ဒီလောက် အရေးမကြီးပါဘူး၊ ဘုန်းကြီး မနက်ဖြန်ရေရေလည်လည်ဟောပါ့မယ်၊ ဒီအရေးကြီး နေတာက တစ်အရေးကြီးတယ်၊ နှစ်အရေးကြီးတယ် . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စဉာဏ် လည်း ငါမရလို့၊ ကိစ္စဉာဏ်လည်း ငါမရလို့ ဆိုတော့ ဒါသစ္စာ၊ သစ္စာချည့်ပဲမဟုတ်လား . . . (မှန်လှပါ)။

ငါ သံသရာ ရှည်ခဲ့တယ်ဆိုတော့ ခင်ဗျားတို့ တရားဟာ ဒီလိုရှုရမှန်းလည်းမသိ၊ ကြောက်ရမှန်းလည်းမသိဆိုရင်ဖြင့် ဘယ် ခင်ဗျားတို့ နိဗ္ဗာန်ရောက်နိုင်စရာအကြောင်း မြင်သေးရဲ့လား. . (မမြင်ပါဘူးဘုရား)။

## ဒီနှစ်ဉာဏ်ကိုမရ ရအောင်ရှုပါ

ဒါဖြင့် ဒီမှာ ကြုံကြိုက်တဲ့အခါ ဒကာ ဒကာမတွေ ဒီနှစ်ဉာဏ်ကို မရ ရအောင် ဟောရမယ်ဘုန်းကြီးက . . . (မှန်ပါ့) ခင်ဗျားတို့ကလည်း မရ-ရအောင်ရှု . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ယနေ့ ဒီတွင်တော်ကြစို့။

သာဓု . . . သာဓု . . . သာဓု . . . ။